# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာအုပ်စု၊ လန်ဆယ်ရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ တည်ဆောက်ခဲ့သော ရေတားတမံမှာ တည်ဆောက်ပြီးစီးပြီး ရှစ်လကျော်ခန့်အကြာ၌ ပျက်စီးနေပါ သဖြင့် တည်ဆောက်ခဲ့သည့်ကုမ္ပဏီနှင့် ရေတားတမံပြီးစီးကြောင်း အရည်အသွေး စစ်ဆေးခဲ့သည့် ကော်မတီအဖွဲ့ဝင်များအား နိုင်ငံတော် အစိုးရအနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စီမံကိန်းလုပ်ငန်းအား တင်ဒါစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းရှိ/မရှိသိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | သံဖြူဇရပ်မြို့မှ (၂)မိုင် (၅)ဖာလုံ အကွာအဝေးတွင်ရှိသော မွန်တိုင်းရင်းသားတို့၏ ကျုံကရတ် ကျေးရွာသို့ (၁၂)ပေအကျယ် ကတ္တရာလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၇ | သွားလာရေးခက်ခဲသော နေရာဒေသများနှင့် ချောင်းကူး/မြောင်းကူး နေရာများတွင် ကုန်ကျတန်ဖိုး မကြီးမားဘဲ ရေရှည်အတွက် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည့် သံမဏိကြမ်းခင်း/သံမဏိကြိုးတံတား ငယ်များတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၈ | မြစ်သားမြို့၏ အဓိကကျသော၊ ယာဉ်သွားယာဉ်လာများသော မိုလ်ချုပ်လမ်း(မြစ်သား-အိုးသူကြီး-အင်းကုန်းလမ်း၏ မြို့တွင်းပိုင်း) အား ၁၈ ပေအကျယ်မှ ၂၄ ပေအကျယ်သို့ တိုးချဲ့ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |

| | | |
|---|---|---|
| ၉ | မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းတို့တွင် ပါဝင်သော မိုးကောင်းမြို့နယ် အတွင်းရှိ လမ်းပိုင်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၀ |
| ၁၀ | အောင်လံ-တောင်တွင်းကြီး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နှစ်(၁၀၀)သက်တမ်းနီးပါးရှိသော တံတားအမှတ် ၂၆၂/၂ ကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်ချင်းဆက် အမှတ်(၄)လမ်းအား စီမံကိန်းရေးဆွဲပြီးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့သော်လည်း အဆိုပြုလမ်းအဆင့်သာ ဖြစ်နေ၍ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ၎င်းခရိုင်ချင်းဆက် အမှတ်(၄)လမ်းပိုင်းပေါ်ရှိ ကနီမြို့နယ်လမ်းအပိုင်း၌ ဂျင်းလမ်းအပိုင်းများပေါ်တွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေသားလမ်းအပိုင်းများပေါ်တွင် ဂျင်းမြေခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၇ |
| ၁၂ | ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များဖိတ်ခေါ်ပြီး ဘိန်းအစားထိုး စီမံကိန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံး အဖြတ် ရယူခြင်း | ၃၁ |
| ၁၃ | ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၃၈ |
| ၁၄ | ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး နည်းပညာအထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/ မသင့် အဆုံးအဖြတ် ရယူခြင်း | ၃၈ |

| | | |
|---|---|---|
| ၁၅ | ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၄၇ |
| ၁၆ | ပညာရေးဝန်ကြီးဌာနက ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို တင်သွင်းခြင်း | ၄၇ |
| ၁၇ | ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း | ၄၈ |
| ၁၈ | ပညာရေးဝန်ကြီးဌာနက တင်သွင်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၆၀ |
| ၁၉ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၀ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၂-၅-၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ **ဆော့လော်မြို့နယ်၊ လန်ဆယ် ကျေးရွာအုပ်စု၊ လန်ဆယ်ရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ တည်ဆောက်ခဲ့သော ရေတားတမံမှာ တည်ဆောက်ပြီးစီးပြီး (၈) လကျော်ခန့်အကြာ၌ ပျက်စီးနေပါသဖြင့် တည်ဆောက်ခဲ့သည့် ကုမ္ပဏီနှင့် ရေတားတမံပြီးစီးကြောင်း အရည်အသွေးစစ်ဆေးခဲ့သည့် ကော်မတီအဖွဲ့ဝင်များအား နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် စီမံကိန်းလုပ်ငန်းအား တင်ဒါစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက် ခဲ့ခြင်း ရှိ၊ မရှိ သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့မှ (၅)မိုင် (၅) ဖာလုံ အကွာအဝေးတွင်ရှိသော မွန်တိုင်းရင်းသားတို့၏ ကျုံကရုတ် ကျေးရွာသို့ (၁၂) ပေ အကျယ် ကတ္တရာလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **သွားလာရေးခက်ခဲသော နေရာဒေသ များနှင့် ချောင်းကူး/ မြောင်းကူးနေရာများတွင် ကုန်ကျတန်ဖိုးမကြီးမားဘဲ ရေရှည်အတွက် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည့် သံမဏိကြမ်းခင်း/ သံမဏိ ကြိုးတံတားငယ်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့၏ အဓိကကျသော၊ ယာဉ်သွားယာဉ်လာများသော ဗိုလ်ချုပ်လမ်း (မြစ်သား–အိုးသူကြီး–အင်းကုန်းလမ်း၏ မြို့တွင်းပိုင်း) အား ၁၈ ပေ အကျယ်မှ ၂၄ ပေ အကျယ်သို့ တိုးချဲ့ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မန္တလေး–ရွှေဘို–မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနှင့် မိုးကောင်း–ကာမိုင်း–ဖားကန့် လမ်းတို့တွင်ပါဝင်သော မိုးကောင်းမြို့နယ်အတွင်းရှိ လမ်းပိုင်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **အောင်လံ–တောင်တွင်းကြီး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နှစ်(၁၀၀) သက်တမ်းနီးပါးရှိသော တံတားအမှတ် ၂၆၂/၂ ကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်ချင်းဆက် အမှတ်(၄) လမ်းအား စီမံကိန်းရေးဆွဲပြီးဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့သော်လည်း အဆိုပြု လမ်းအဆင့်သာဖြစ်နေ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် ၎င်းခရိုင်ချင်းဆက် အမှတ်(၄) လမ်းပိုင်းပေါ်ရှိ ကနီမြို့နယ်လမ်းအပိုင်း၌ ဂျင်းလမ်းအပိုင်းများ ပေါ်တွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေသားလမ်းအပိုင်းများပေါ်တွင် ဂျင်းမြေခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်က **" မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုး စီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်က **"ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး**

**Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခု အဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး နည်းပညာအထောက်အပံ့များ ရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ ပညာရေးဝန်ကြီးဌာနက **“ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၁၁။ **“ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၂။ ပညာရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## ဒုတိယနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၇၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၂) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၃) ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် ခွင့် ၁ ရက်၊

(၄) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၂ ရက်၊

(၅) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၆) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊

(၇) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၂ ရက်၊

(၈) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၁၀) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၂ ရက်၊

(၁၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၂ ရက်၊

(၁၂) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၂ ရက်၊

(၁၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁၆ ရက်၊

(၁၄) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၂ ရက်၊

(၁၅) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၂ ရက်၊

(၁၆) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၂ ရက်၊

(၁၇) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်၊

(၁၈) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၂ ရက်၊

(၁၉) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၂ ရက်၊

(၂၀) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ခွင့် ၁ ရက်၊

(၂၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၂၂) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊

(၂၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၄) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၂၅) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၂၆) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၁ ရက်၊

(၂၇) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊

(၂၈) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

**မှူကြမ်း**

(၂၉) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၂ ရက်၊

(၃၀) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၂ ရက်၊

(၃၁) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၂ ရက်၊

(၃၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၂ ရက်နှင့်

(၃၃) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၃ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကိုလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာအုပ်စု၊ လန်ဆယ်ရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ တည်ဆောက်ခဲ့သော ရေတားတမံမှာ တည်ဆောက်ပြီးစီးပြီး ရှစ်လကျော်ခန့်အကြာ၌ ပျက်စီးနေပါသဖြင့် တည်ဆောက်ခဲ့သည့်ကုမ္ပဏီနှင့် ရေတားတမံပြီးစီးကြောင်း အရည်အသွေးစစ်ဆေးခဲ့သည့် ကော်မတီအဖွဲ့ဝင်များအား နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စီမံကိန်းလုပ်ငန်းအား တင်ဒါစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းရှိ/မရှိသိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ၂၇၅ ပေရှိ ရေတားတမံတစ်စင်းအား ကျပ်သန်း ၃၉.၅၅၀ သန်းဖြင့် တည်ဆောက်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ အဆိုပါရေတားတမံအား Augustar ကုမ္ပဏီမှတည်ဆောက်ခဲ့ပြီး ၁၀-၃-၂၀၁၈ ရက်နေ့ လုပ်ငန်းပြီးစီးခဲ့ကာ ၁၆-၃-၂၀၁၈ ရက်နေ့ သက်ဆိုင်ရာဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ သို့သော် လုပ်ငန်းပြီးစီးပြီး ဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံခဲ့သည့်အချိန်မှ ရှစ်လကျော်ခန့်သာရှိသေးသော်လည်း မြေသားတမံမှာ အပ်ကြောင်းများဖြင့် ကွဲအက်ပျက်စီးနေသည်ကို တွေ့မြင်ခဲ့ရပြီး စီမံကိန်းလုပ်ငန်းစံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ခဲ့ခြင်းမဟုတ်ကြောင်း တွေ့မြင်ခဲ့ရပါတယ်။ စီမံကိန်းလုပ်ငန်းတည်ဆောက်နေစဉ်အတွင်း၌လည်း သက်ဆိုင်

ရာဝန်ကြီးဌာနမှ ကြီးကြပ်လမ်းညွှန်မှုမရှိခဲ့သည့်အတွက် အဆိုပါရေတားတမံမှာ ပျက်စီးခဲ့ကာ ဒေသအတွက် အကျိုးလုံးဝမပြုသည်ကို တွေ့မြင်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အခုမြင်နေရတာကတော့ ရေတားတမံတည်ဆောက်ပြီးစီးပြီး လုပ်ငန်းအပ်နှံတဲ့အချိန် တွေ့မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒီဟာကတော့ မြေသားတမံတည်ဆောက်ပြီးစီးခဲ့သည့် ရှစ်လကျော်ကြာတဲ့အချိန်မှာ အခုလိုမျိုး ရေတားတမံကွဲအက်ပျက်စီးနေတဲ့ပုံကို တွေ့မြင်ရတာဖြစ်ပါတယ်။ ဒီရေတားတမံကို ဒီပုံကိုကြည့်မယ်ဆိုရင် ရေတားတမံတည်ဆောက်တဲ့နေရာမှာ အောက်မှာ အမာခံမထည့်ဘဲနဲ့ နှစ်လက်မ၊ သုံးလက်မထုလောက်ပဲ အပေါ်ကနေ သနပ်ခါးလိမ်းသလို ပါးပါးလေးဖို့ထားတာကို ကျွန်တော်တို့ ပုံကိုကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ ဒီဟာကလည်းကြည့်မယ်ဆိုရင် အောက်ကနေ မြစ်ရေနဲ့ သဲ၊ ကျောက်တွေအကုန်လုံးထိုးစားသွားပြီးမှ ပါးပါးလေးနဲ့ဟိုဘက်ဒီဘက်မြင်နေရတဲ့ပုံ ဖြစ်ပါတယ်။ ဒီဟာကတော့ လုပ်ငန်းရေတားတမံပြီးစီးသွားတဲ့အချိန်မှာ လုပ်ငန်းကို ပြန်လည်လက်ခံတဲ့မှတ်တမ်းလွှာဖြစ်ပါတယ်။ ဒီနေရာမှာကြည့်မယ်ဆိုရင် ကျွန်တော်တို့ လုပ်ငန်းလက်ခံတဲ့နေရာမှာလက်မှတ်ရေးထိုးထားတဲ့ဟာကတော့ ဦးတိန်ခမ်ဂျိုရမ် လို့ရေးထားပါတယ်။ တကယ်တမ်းကျတော့ ကျွန်တော်တို့ လန်ဆယ်ကျေးရွာအုပ်ချုပ်ရေးမှူးက တိန်ခမ်ဂျိုရမ် မဟုတ်ပါဘူး။ ဦးအေရိုစီ ဖြစ်ပါတယ်။ အရင်ကတည်းကနဲ့လည်း ဦးအေရိုစီ ဖြစ်သလို ယနေ့တိုင်အောင် လန်ဆယ်ကျေးရွာအုပ်ချုပ်ရေးမှူးက ဦးအေရိုစီ ဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ ထပ်ဆင့်လက်မှတ်ရေးထိုးထားတဲ့နေရာမှာ ဦးအောင်ကျော်ထူး(ညွှန်ကြားရေးမှူး) ကချင်ပြည်နယ်က လက်မှတ်ရေးထိုးထားတာဖြစ်ပါတယ်။ တကယ်တမ်းကျတော့ အဓိကလုပ်ငန်းနှင့်ပတ်သက်ပြီးမှ အရည်အသွေးပြည့်မီခြင်းရှိ/မရှိ တကယ်လက်မှတ်ထိုးတဲ့နေရာမှာ၊ အတည်ပြုတဲ့နေရာမှာလက်မှတ်ထိုးမယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်ညွှန်ကြားရေးမှူး မြို့နယ်နဲ့ဆိုင်တဲ့ ဌာနဆိုင်ရာအားလုံးက သေချာကွင်းဆင်းပြီးမှသာလျှင် ကျွန်တော်တို့က လက်မှတ်မှန်ကန်တယ်/မမှန်ကန်ဘူး သေချာစစ်ဆေးပြီးမှသာ လက်မှတ်ရေးထိုးသင့်ပါတယ်။ နောက်တစ်ခုကျတော့ ရေတားတမံပျက်စီးခဲ့ရတဲ့အကြောင်းအရင်းကို ကျွန်တော်လေ့လာကြည့်တဲ့အချိန်မှာ ဒီရေတားတမံက ၂၇၅ ပေရှိတယ်။ ဘတ်ဂျက်ကျတာက သိန်း ၄၀၀ နီးပါးဟုတ်ပါတယ်။ အဲလိုဆိုတော့ ကျွန်တော်တို့သည် ဘတ်ဂျက်ကလည်းနည်းပါတယ်။ ဘတ်ဂျက်နည်းတဲ့အချိန်မှာ ဒီလုပ်ငန်းကိုလက်ခံတဲ့ကုမ္ပဏီအနေကလည်း ကျွန်တော်တို့က ဒီဟာကိုဆောင်ရွက်နိုင်ခြင်းရှိ/မရှိ၊ ဒီဟာကို သေချာလေ့လာသင့်တယ်။ နောက်တစ်ခု

ကျတော့ ဒီလုပ်ငန်းဆောင်ရွက်တဲ့အချိန်မှာလည်းပဲ သက်ဆိုင်ရာဌာနနဲ့လည်း သေသေချာချာကြပ်မတ်ဖို့လိုတယ်။ အခုလိုမကြပ်မတ်ခဲ့တဲ့အတွက် ဒီလိုမျိုးပျက်စီးခဲ့ရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာအုပ်စု၊ လန်ဆယ်ကျေးရွာ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ခဲ့သော ရေတားတမံမှာ တည်ဆောက်ပြီးစီးပြီး လုပ်ငန်းအပ်နှံသည့်အချိန်မှ ရှစ်လကျော်ခန့်အကြာ၌ ပျက်စီးနေပါသဖြင့် တည်ဆောက်ခဲ့သည့်ကုမ္ပဏီနှင့် ရေတားတမံပြီးစီးကြောင်း အရည်အသွေးစစ်ဆေးခဲ့သည့်ကုမ္ပဏီအဖွဲ့ဝင်များအား နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စီမံကိန်းလုပ်ငန်းအားတင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော် လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလာမာလေး မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာ အုပ်စု၊ လန်ဆယ်ရွာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ တည်ဆောက်ခဲ့တဲ့ ရေတားတမံမှာ တည်ဆောက်ပြီးစီးပြီး လုပ်ငန်းအပ်နှံသည့်အချိန်မှာ ရှစ်လကျော်ခန့်အကြာ၌ ပျက်စီးနေပါသဖြင့် တည်ဆောက်ခဲ့သည့်ကုမ္ပဏီနှင့်ရေတားတမံပြီးစီးကြောင်း အရည်အသွေးစစ်ဆေးခဲ့သည့် ကော်မတီဝင်များအား နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ၊ စီမံကိန်းလုပ်ငန်းအား တင်ဒါစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြားသွားပါမယ်။ ဒီမေးခွန်းလိုမျိုးပုံစံများကိုလည်း ပုံစံတူမေးခွန်းတစ်ခုကိုလည်း ကျွန်တော် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာလည်း ရှင်းလင်းဖြေကြားခဲ့ပြီးတော့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့တဲ့ ထန်ဒန်တံတားပျက်စီးမှုဖြစ်စဉ်နှင့် ယခုပျက်စီးသည့် ရေတားတမံတို့မှာ နေရာကွာခြားမှုရှိခဲ့ပေမဲ့လည်း ၂၀၁၈ ခုနှစ် မိုးရာသီမှာမိုးသည်းထန်စွာရွာသွန်းပြီး

ချောင်းရေကြီးမှုကြောင့် တစ်ချိန်တည်းအတူတူပျက်စီးခဲ့သည့်လုပ်ငန်းများဖြစ်ပါကြောင်း ကျွန်တော့် အနေနဲ့ ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ တချို့နေရာမှာ ကျွန်တော် Power Point နှင့်ရှင်းလင်းတင်ပြ သွားပါမယ်။

ယခုမေးမြန်းချက်ပါ လန်ဆယ်ကျေးရွာရေတားတမံ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း ပြီးတော့ လန်ဆယ်ကျေးရွာဥက္ကဋ္ဌ ဦးကချုံးဖုန်နှင့် ကျေးရွာလူကြီးများ၊ ဒေသခံပြည်သူများက ခရီးစဉ် တစ်ခုမှာ ၂၀၁၆ ခုနှစ် လန်ဆယ်ချောင်းရေကြီးမှုဖြစ်စဉ်မှာ ဒေသအစီအစဉ်ဖြင့်ဆောင်ရွက်ထားတဲ့ ရေထိန်းနံရံတွေဟာ ပြိုကျခဲ့ရပါတယ်။ ပြိုကျခဲ့တာဖြစ်ပြီးတော့ လန်ဆယ်ကျေးရွာဟာ ရေမြုပ်ခဲ့ရ ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၈ ခုနှစ် မိုးရာသီမှာ ထပ်မံမဖြစ်ပွားစေဖို့အတွက် ကာကွယ်နိုင်ရန် ရေထိန်းနံရံတစ်ခုဆောက်လုပ်ပေးရန် တင်ပြတောင်းဆိုခဲ့ပါတယ်။ ဒီတောင်းဆိုချက်နဲ့ပတ်သက် ပြီးတော့ နောက်တစ်ခါ လန်ဆယ်ကျေးရွာရဲ့အနေအထားကလည်း ချောင်းဘေးမြေပြန့်မှာတည်ရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ လန်ဆယ်ချောင်းရေကြီးလျှင် အဆိုပါရေတားမြေထိန်းနံရံမရှိပါက ရေလွှမ်းမိုး နိုင်မယ့်အနေအထားရှိသဖြင့် ဒေသခံလူထုအတွက် အမှန်တကယ်လိုအပ်တဲ့အချက်တစ်ချက်ကြောင့် သော်လည်းကောင်း မိုးရာသီမတိုင်မီမှာ အလျား ၂၇၅ ပေ၊ အမြင့် ၁၀ ပေ ရေတားတမံဆောင်ရွက် နိုင်ရန် ငွေကျပ် ၃၉.၅၅၀ သန်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေက ကျွန်တော်တို့ကိုခွင့်ပြုပေးခဲ့ ပါတယ်။

၎င်းလန်ဆယ်ကျေးရွာ လုပ်ငန်းများအပ်နှံဆောင်ရွက်ခြင်းနဲ့စပ်လျဉ်းပြီးတော့ အခုရေတားတမံ ဟာ လန်ဆယ်တံတားအနီးမှာ နီးကပ်စွာတည်ရှိပါတယ်။ ခရီးကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ချောင်းရေလျှံပြီး ကျေးရွာရေကြီးရေနစ်မှုမှကာကွယ်နိုင်ရန်အတွက် မိုးမကျမီအချိန်မီ ပြီးစီးရန်လိုအပ်တာကိုတွေ့ရှိရပါတယ်။ နောက်ပြီးတော့ ၎င်းဒေသမှာဆောက်လုပ်တဲ့ ကျပ်ငွေ ၃၀၅.၇၆၅ သန်းတန် တံတားတည်ဆောက်ရေးလုပ်ငန်းမှာ လမ်းပန်းဆက်သွယ်ရေးဝေးကွာခက်ခဲမှု ကြောင့် တင်ဒါအောင်မြင်တဲ့ကုမ္ပဏီမှလည်း လုပ်ငန်းပြန်လည်အပ်နှံခဲ့ရတဲ့ဖြစ်စဉ်အရ ယခုတန်ဖိုး နည်းပါးတဲ့ ရေတားတမံဟာ လာရောက်ဆောင်ရွက်လိုတဲ့လုပ်ငန်းရှင်မရှိကြောင်း သုံးသပ်ရခြင်းတို့ ကြောင့် လန်ဆယ်တံတားတည်ဆောက်နေတဲ့ကုမ္ပဏီသို့ လုပ်ငန်းတစ်ဆက်တစ်စပ်တည်းတည်ဆောက် ပေးရန် ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီရဲ့သဘောတူညီချက်နဲ့ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်။

လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် မြေထိန်းနံရံအောက်ခြေကို အလျား ၂ ပေခွဲ၊ ထု ၆ လက်မ ဖောင်ဒေးရှင်း ၁၀ ပေစီခြားပြီးဆောက်လုပ်ခဲ့ပါတယ်။ ၎င်း RC ဖိနပ်အပေါ်မှ ၉ လက်မပတ်လည် RC တိုင်တို့ကို မိန်းဘား 12 mm အချင်းခြောက်ချောင်းနဲ့ စတားကွင်းကို 10 mm ၃ မူးချောင်း သံချောင်းဖြင့် မြေထိန်းနံရံအောက်ခြေတည်ဆောက်ခြင်းကို သံကူကွန်ကရစ်ယက်မဖြင့် တည်ဆောက်ခဲ့ရပါတယ်။ ၂၀၁၈ ခုနှစ် မတ်လ၌ လန်ဆယ်ဒေသမှာတည်ဆောက်ခဲ့တဲ့ ထန်ဒန်တံတား၊ လန်ဆယ်တံတားနှင့် အဆိုပါမြေထိန်းနံရံတို့မှာ လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့တဲ့အတွက် ၁၅-၃-၂၀၁၈ ရက်နေ့မှာ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ထားရှိကြောင်းတွေ့ရှိရပါသဖြင့် အဆိုပါလုပ်ငန်းကို ဒေသသို့စနစ်တကျအပ်နှံခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ နိုင်ငံနဲ့ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုအရ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးခြင်းများဖြစ်ပွားခဲ့ရသဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဘဏ္ဍာရေးနှစ်အသီးသီးမှာ ဆောင်ရွက်ခဲ့ပြီးတဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ထိခိုက်ပျက်စီးခဲ့ရပါတယ်။ ပျက်စီးခဲ့တဲ့လုပ်ငန်းများကို စာချုပ်စာတမ်းပါ စည်းကမ်းများအရ သက်ဆိုင်ရာဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီများက ၎င်းတို့အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ပေးခဲ့ကြသလို တချို့လုပ်ငန်းများကိုလည်း စာချုပ်စာတမ်းပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်မှကျခံဆောင်ရွက်ခဲ့ရပါတယ်။

အခု ကချင်ပြည်နယ်အတွင်းမှာလည်း သဘာဝဘေးအန္တရာယ်ကြောင့် တောင်ပြိုလမ်းပိတ်ခြင်း၊ တံတားရေလယ်တိုင်နိမ့်ကျခြင်း၊ ကမ်းကပ်ခုံကျိုးပဲ့ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ရပြီးတော့ ယခုတင်ပြခဲ့တဲ့ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လန်ဆယ်တံတား ၂၇၅ ပေက ရေတိုက်စားခြင်း၊ ချောင်းရေကြမ်းပြင်နိမ့်ဆင်းလာပြီး ရေထိန်းနံရံအောက်ခြေရေတိုက်စား၍ ရေငွေ့ရိုက်ခြင်း၊ ရေဝင်ခြင်းတို့ကြောင့် ကွန်ကရစ်တံတားမျက်နှာပြင် ပေ ၂၀ ပတ်လည် သုံးနေရာခန့်ကွဲအက်ခြင်းတို့ဖြစ်ပေါ်ခဲ့ရပါတယ်။ ဆောင်ရွက်ပြီးခဲ့တဲ့လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာတော့ ပျက်စီးခဲ့တဲ့လုပ်ငန်းများဟာ အရည်အသွေးညံ့ဖျင်းမှု၊ စံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်ထားရှိမှုမရှိခြင်းတို့ကြောင့် လုပ်ငန်းပျက်စီးခဲ့ရခြင်းမဟုတ်ဘဲ မလွန်ဆန်နိုင်တဲ့ဖြစ်ရပ်ဖြစ်တဲ့ သဘာဝဘေးဒဏ်ကြောင့် ချောင်းရေကြီးပြီး ရေတိုက်စားသဖြင့် ရုန်းရင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသော်လည်း လုပ်ငန်းများသည် ရေကြီးမှုဒဏ်ကိုကြံ့ကြံ့ခံနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

လုပ်ငန်းဆောင်ရွက်မှုအပေါ်တွင်လည်း သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးချိန်တန်မှ ကျေနပ်လက်ခံတဲ့လုပ်ငန်းဖြစ်ပါသဖြင့် ဒေသခံပြည်သူလူထုသို့လည်း

မူကြမ်း

လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်တဲ့ကုမ္ပဏီက ပျက်စီးယိုယွင်းမှု ဖြစ်ပေါ်လာချိန်မှာလည်း တာဝန်ရှောင်လွှဲမှုမရှိဘဲ စာချုပ်စာတမ်းပါစည်းကမ်းနှင့်အညီ နိုင်ငံတော်မှ ခွင့်ပြုပေးတဲ့ရန်ပုံငွေနဲ့ ကုမ္ပဏီမှငွေကြေးစိုက်ထုတ်ပူးပေါင်း၍ လုပ်ငန်များကို အကောင်းဆုံးအရည် အသွေးရအောင် စီမံဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ လုပ်ငန်းပျက်စီးမှုအား အရည်အသွေးညံ့ဖျင်းမှုကြောင့် ပျက်စီးခြင်းမဟုတ်ဘဲ မလွန်ဆန်နိုင်တဲ့ဖြစ်ရပ်ဖြစ်တဲ့ သဘာဝ ဘေးဒဏ်ကြောင့်သာ ယိုယွင်းပျက်စီးမှုဖြစ်ပေါ်ခဲ့ရခြင်း၊ အဆိုပါ ယိုယွင်းပျက်စီးမှုကိုလည်း သက်ဆိုင်ရာကုမ္ပဏီနဲ့ တာဝန်ရှောင်လွှဲမှုမရှိဘဲ နိုင်ငံတော်နှင့်ပူးပေါင်း၍ ဆောလျင်စွာပြင်ဆင်ရေး ဆောင်ရွက်ပေးခဲ့ခြင်း၊ အရည်အသွေးစစ်ဆေးရေးကော်မတီအနေနဲ့လည်း သက်မှတ်ထားသည့် စံချိန် စံညွှန်းနှင့်အညီ ပစ္စည်းများဆုံးရှုံးမှု၊ လုပ်ငန်းအရည်အသွေးတို့ကို သတ်မှတ်ချက်အတိုင်းစစ်ဆေး နိုင်ခြင်းတို့ကြောင့် အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်သွားရန် အစီအစဉ်မရှိ ပါကြောင်းနှင့် စာချုပ်ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကုမ္ပဏီမှတာဝန်ယူရသည့်တည်ဆောက်ရေး ကာလ အာမခံချက်ဖြစ်တဲ့ သုံးနှစ်တာကာလအတွင်း ထပ်မံပျက်စီးပါက လုပ်ငန်းဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီမှတာဝန်ယူပြင်ဆင်၍ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြု ပါရန် တင်ပြအပ်ပါတယ်။ အခုလို ဝန်ကြီးအနေနဲ့ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါ တယ်။ ဒါပေမဲ့ လွဲနေတာတစ်ခုကတော့ ဝန်ကြီးကတော့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့တယ် လို့ဖြေတယ်။ ကျွန်တော်ကတော့ သဘာဝဘေးဒဏ်ကြောင့်မဟုတ်ဘဲနဲ့ လုပ်ငန်းအတိုင်းအတာ မပြည့်မီလို့ ပျက်စီးခဲ့တယ်လို့တော့ ဆိုချင်ပါတယ်။ ဝန်ကြီးအနေနဲ့တော့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့တယ်လို့ဖြေတယ်။ မှန်ပါတယ်။ ပြီးခဲ့တဲ့ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာလည်းပဲ ထန်ဒန်တံတားကိစ္စနဲ့ ကျွန်တော်မေးခွန်းတင်ခဲ့ပါတယ်။ အဲဒီနေရာမှာ ဝန်ကြီးဖြေတာက ထန်ဒန် တံတားပျက်စီးခဲ့ရတဲ့အကြောင်းအရင်းက ဒီတိုင်းပါပဲ။ ရှင်းရှင်းပြောမယ်ဆိုရင် အဲဒီတံတားပေါ်ကနဲ့ တရားမဝင်သတ္တုကားတစ်စီးပြီးတစ်စီးဖြတ်ရမယ့်ဟာကို တစ်ခါတည်းနဲ့ နှစ်စီး၊ သုံးစီးဖြတ်ပြီးမှ

တံတားပျက်စီးခဲ့တယ်လို့ ဖြေထားတာလည်း ရှိပါတယ်။ အဲလိုဆိုတော့ ကျွန်တော်ဆိုလိုချင်တာက အခု အချိန်ထိ ဒေသခံလည်းမေးလို့ရတယ်။ အခုအချိန်လည်း ဖြစ်နိုင်မယ်ဆိုရင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ကို ကျွန်တော်တို့က လမ်းစရိတ်အကုန်ခံပြီးမှ ခေါ်သွားချင်တာ စေတနာနဲ့။ အဲဒီနေရာက ကားမပြောနဲ့ဆိုင်ကယ်တောင်ဖြတ်လို့မရဘူး။ လူတောင်မှ ခက်ခက်ခဲခဲသွားရတာ။ အခုလည်း ကျွန်တော်ဆိုလိုချင်တာက ဒီရေတားတမံပျက်စီးခဲ့ရတဲ့အကြောင်းအရင်းက တကယ်တမ်းကျတော့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ သေချာမသိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင် အောက်ခြေကနေပေးပို့လာ တဲ့ဟာကိုပဲ ဝန်ကြီးကဒီကိုလာဖြေတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ဒီဆက်စပ်မေးခွန်း အနေနဲ့ ယခု ဒီရေတားတမံပျက်စီးခဲ့ရတဲ့အကြောင်းအရင်းကို အောက်ခြေကနေရေးသားပြီးမှ ဖော်ပြ တာကိုပဲ လာရောက်ဖြေကြားပေးခြင်းမျိုးမဟုတ်ဘဲနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နယ်စပ်ရေးရာ ဝန်ကြီးဌာနကနဲ့ ရေတားတမံအမှန်တကယ် ပျက်စီးခဲ့ရခြင်းအကြောင်းကို သေချာပြန်လည်စိစစ် ပေးနိုင်ခြင်းရှိ/မရှိကို ကျွန်တော့်အနေနဲ့ဆက်စပ်မေးခွန်းမေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ် ဖြေသွားတဲ့အပေါ်နဲ့ပတ်သက်ပြီးတော့ International Federation Consulting of Engineers FIDIC ဆိုတဲ့ အဖွဲ့အစည်းတစ်ခုရှိပါတယ်။ သူကအပြည်ပြည်ဆိုင်ရာ လမ်းညွှန်(International Guideline) လုပ်ငန်းဆိုပြီးတော့ ဒါလည်း ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယ ဝန်ကြီးလည်းသိပါတယ်။ အဲဒီမှာ ဘာဖော်ပြလဲဆိုတော့ လုပ်ငန်းများဆောင်ရွက်လျက်ရှိတာဟာ ကန်ထရိုက်တာမှာပဲ တာဝန်ရှိ ပါတယ်လို့ သူကဖြေထားတယ်ခင်ဗျား။ အဲဒီသတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်ရှိပါတယ်။ ဒီပြဋ္ဌာန်းချက် ပေါ်မှာ မူတည်လို့ရှိရင် ကန်ထရိုက်တာက သတ်မှတ်တဲ့သုံးနှစ်အတွင်းမှာ ပြန်ပြီးတော့ပြင်ပေးလို့ရှိရင် အကြောင်းမရှိပါဘူးခင်ဗျား။ ဒီဥစ္စာလေးကို ကျွန်တော်ဖြည့်စွက်ဆွေးနွေးပေးပါမယ်။ နောက်တစ်ချက် ကတော့ ခုလွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့ဟာနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနကလည်း အဖွဲ့လေးဖွဲ့ပြီးတော့ ဆင်းပြီးတော့သေချာစစ်ပေးလိုက်ပါမယ်။ တွေ့ရှိချက်ကိုလည်း လွှတ်တော် ကိုယ်စားလှယ်ကို ပြန်တင်ပေးပါမယ်။ အတိအကျတော့မသိသေးဘူး။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**သံဖြူဇရပ်မြို့မှ (၂)မိုင် (၅)ဖာလုံ အကွာအဝေးတွင်ရှိသော မွန်တိုင်းရင်းသားတို့၏ ကျုံကရုတ်ကျေးရွာသို့ (၁၂)ပေအကျယ် ကတ္တရာလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းရှိ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမမေးမီမှာ ကျွန်တော်တစ်ခု ဝန်ခံတောင်းပန်လိုပါတယ်။ အဲဒီ မေးခွန်းပါတဲ့ ၅ မိုင် ၅ ဖာလုံဆိုတာက တကယ်တော့ ကျွန်တော့်ရဲ့အားနည်းချို့ယွင်းချက် ဖြစ်ပါတယ်။ ၂ မိုင် ၅ ဖာလုံသာ ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ သံဖြူဇရပ်မြို့မှ ၂ မိုင် ၅ ဖာလုံအကွာမှာရှိတဲ့ မွန်တိုင်းရင်းသားတို့ရဲ့ကျေးရွာ ကျုံကရုတ်ကျေးရွာကို ၁၂ ပေအကျယ် ကတ္တရာလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ မေးခွန်းမေးရတဲ့အကြောင်းရင်းကတော့ အကျဉ်းချုပ်အနေနဲ့ (၁) ကျေးလက်ဒေသတစ်ပြေးညီဖွံ့ဖြိုးရေး မူဝါဒနှင့်အညီ ဖြစ်ခြင်း၊ (၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် အထောက်အပံ့ဖြစ်ခြင်း၊ (၃) မဲဆန္ဒရှင် မွန်တိုင်းရင်းသားတို့၏မျှော်လင့်ချက်ဆန္ဒအသံဖြစ်ခြင်း၊ (၄) ၂ မိုင် ၅ ဖာလုံခန့်သာကွာဝေးပြီး လက်လှမ်းမီ ကျန်းမာရေးဝန်ဆောင်မှုကို အပြည့်အဝဖော်ဆောင်ပေးနိုင်ခြင်းဆိုတဲ့ အချက်များကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သံဖြူဇရပ်မြို့နယ်မှာ ကျေးရွာအုပ်စု ၂၅ စု ရှိပါတယ်။ ရပ်ကွက်က ၁၆ ခု ရှိပါတယ်။ ကျေးရွာအုပ်စု ၂၅ စုမှာ ၂၂ စုက ကတ္တရာလမ်းများနှင့်ဆက်သွယ်ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ သုံးရွာမှာ တောင်ဖလု၊ ကဒါတ်ထောက်နှင့် ကျုံကရုတ်ကျေးရွာ သုံးရွာဖြစ်ပါတယ်။ အဲဒီမှာမှ ကဒါတ်ထောက်နှင့် တောင်ဖလုဟာ ပြည်နယ်ရန်ပုံငွေနဲ့ လျာထားဘတ်ဂျက်မှာ ပါနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကျေးရွာတွေအားလုံးထဲမှာ ကျုံကရုတ်ဆိုတဲ့ကျေးရွာလေးတစ်ရွာသာလျှင် ကတ္တရာလမ်း မရှိတဲ့အခြေအနေမျိုး ရှိပါတယ်။ မြို့နယ်ဖွံ့ဖြိုးဖို့အတွက်လည်း အင်မတန်မှ အားကောင်းနေတဲ့ အခြေအနေဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျုံကရုတ်ရွာ ၂ မိုင် ၅ ဖာလုံအကွာနှင့် ဆင်တောင်၊

ကဒါတ်ထောက်ရွာ ၃ မိုင် ၆ ဖာလုံ နှစ်ရွာသာ လက်ရှိကျန်ပါတယ်။ ကျန်တာမှ အဲဒီ ကဒါတ်ထောက်က အခုလာမယ့် ၂၀၁၉-၂၀၂၀ လျာထားဘတ်ဂျက်မှာ ပါသွားပြီဖြစ်တဲ့အတွက်ကြောင့် ကျုံကရုတ်တစ်ခု ပဲ ကျန်နေတာ ဖြစ်ပါတယ်။ ကျုံကရုတ်ရွာဟာ လယ်စိုက်ဧက ၇၇၄ ဧက၊ ရာဘာစိုက်ဧက ၁၄၀၅ ဧက ရှိပြီးတော့ လူဦးရေ ၁၇၀၀ ခန့် နေထိုင်တဲ့ ဗုဒ္ဓဘာသာ မွန်တိုင်းရင်းသားတို့ရဲ့ရွာဖြစ်ပါတယ်။ တစ်ပြေးညီဖွံ့ဖြိုးရေးမူအရ အလွန်လမ်းဖောက်လုပ်ပေးသင့်သော ရွာဖြစ်၍ ပြည်သူ့လွှတ်တော် ညွှန်ကြားရေးမှူးချုပ်ရုံးမှတစ်ဆင့် ၁၂-၇-၂၀၁၇ ရက်နေ့မှာ ကျွန်တော် ရိုးရိုးမေးခွန်းမေးခဲ့ပါတယ်။ လမ်းအကျယ် ၁၀ ပေခန့်သာရှိခြင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဦးစီးဌာနအောက်မှာ မရှိခြင်းကြောင့် ဖောက်လုပ်ပေးလိုသော်ငြားလည်းပဲ ဖောက်မပေးနိုင်ခဲ့ကြောင်း အဖြေရခဲ့ပါတယ်။ ကျွန်တော်ရဲ့လိပ်စာမူမေးမြန်းမှု မှားယွင်းမှုလည်း၊ လွဲချော်မှုလည်း ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ကျွန်တော် လွှတ်တော်အစည်းအဝေးနားတဲ့ကာလမှာ တကယ် ကိုယ်တိုင်ကိုယ်ကျသွားပြီးတော့ ပေကြိုးနဲ့တိုင်း ကြည့်တဲ့အခါမှာတော့ လမ်းမြေသားက ၁၀ ပေပဲရှိတာမှန်သော်လည်းပဲ လမ်းဧရိယာက တကယ်တော့ ၁၈ ပေအထက် ပေ ၂၀ ရှိတာကို တွေ့ရပါတယ်။ ဘေးနှစ်ဘက်မြောင်းကြီးတွေက ရေစားပြီး တအား ကျယ်ပြီးတော့ ငါးပေစီ ဖြစ်သွားတာ ဖြစ်တဲ့အတွက်ကြောင့် အလယ်မှာ မြေသားဘောင်ကိုပဲ တိုင်းပြီး တော့တင်ပြခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ဒါကလည်းပဲ ၂ မိုင် ၅ ဖာလုံကြားတစ်လျှောက်လုံး မှာမဟုတ်ဘဲနဲ့ တချို့နေရာတွေမှာသာ ဖြစ်ပါတယ်။ ကျေးရွာသူကျေးရွာသားများက လယ်သမား၊ ခြံသမားအမျိုးမျိုးသော ဘာသာတရားကိုင်းရှိုင်းကြတဲ့သူတွေဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် သူတို့ ရွာအထိဆင်းပြီးတော့ ကျေးရွာကျောင်းထိုင်ဆရာတော်ဘုရားနှင့်အတူတကွ သွားညှိနှိုင်းပါတယ်။ တကယ်လို့ လိုအပ်မယ်ဆိုလို့ရှိရင်လည်း သူတို့ရာဘာခြံသမားတွေ သူတို့မြေပေးမှာပါ။ မြေလှူပေးကြ မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီဟာကိုလည်းပဲ ကျွန်တော်တို့မြို့နယ်ဦးစီးဌာနဖြစ်တဲ့ နတလ ဦးစီး ဌာနမှူးနှင့် ကျေးလက်လမ်းတံတားဦးစီးဌာနချင်းလည်း သူတို့အခြေအနေညှိနှိုင်းပြီးတော့ တိုင်ပင် ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် အစောပိုင်းက တင်ပြခဲ့သလိုပဲ ကျေးလက်ဒေသဖွံ့ဖြိုး ရေးအတွက်ကို တစ်ပြေးညီဖွံ့ဖြိုးမှုအတွက် အဓိကကျနေတာဖြစ်တဲ့အတွက်ကြောင့် ကျန်ရှိခဲ့တဲ့ ကျုံကရုတ်ကျေးရွာလေးတစ်ရွာ မွန်တိုင်းရင်းသားတို့ရွာကို ၂ မိုင် ၅ ဖာလုံအကွာအဝေးကို ပြည်ထောင်စုဘတ်ဂျက်နဲ့ ဖောက်လုပ်ပေးဖို့အတွက်ကို ကျေးရွာသူကျေးရွာသားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေတ္တာရပ်ခံတောင်းပန်ရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့မှ ၅ မိုင် ၅ ဖာလုံအကွာအဝေးမှာရှိတဲ့ မွန်တိုင်းရင်းသားတို့ရဲ့ကျုံကရုတ်ကျေးရွာသို့ ၁၂ ပေအကျယ် ကတ္တရာလမ်းတစ်စင်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ ကျုံကရုတ်ကျေးရွာဟာ သံဖြူဇရပ်မြို့နယ်ကနေ ၅ မိုင် ၅ ဖာလုံအကွာအဝေးမှာရှိပါတယ်။ သံဖြူဇရပ်မြို့နယ် ကြံ့ခိုင်ရေးရပ်ကွက်အဆုံးမှ ကျုံကရုတ်ကျေးရွာဝင်လမ်းအထိ ၂ မိုင် ၅ ဖာလုံသာရှိပြီး အချို့လမ်းပိုင်းတွေက မြေသားအကျယ် ၁၀ ပေခန့်သာရှိတဲ့အတွက် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရန် လမ်းအကျဘ် ၂၆ ပေခန့်ရှိတဲ့ မြေသားလမ်းကို ဦးစွာဆောင်ရွက်ပြီးမှသာ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်းအဆင့်လိုက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဒေသရဲ့တင်ပြချက်အရ သိရှိရပါတယ်။ ၎င်းလမ်းကို ၂၆ ပေအကျယ် မြေလမ်းအဖြစ် ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့မူအရကတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ မြေယာကိစ္စရပ်များအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ခံရှင်းလင်းဆောင်ရွက်ပြီးမှသာ လုပ်ငန်းများ ရန်ပုံငွေခွင့်ပြုချက်ရရှိရေးဆက်လက်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ သံဖြူဇရပ်မြို့နယ် ကြံ့ခိုင်ရေးရပ်ကွက်အဆုံး၊ စည်ပင်သာယာနယ်နိမိတ်အဆုံးမှ ကျုံကရုတ်ကျေးရွာအထိ လမ်း ၂/၅ မိုင်ခန့်ကို ၁၂ ပေအကျယ် ကတ္တရာလမ်းဖောက်လုပ်ပေးနိုင်ရေးအတွက် ဒေသခံများနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များက သတ်မှတ်လမ်းအကျယ်ရရှိအောင် ဦးစွာအသေးစိတ်လေ့လာကွင်းဆင်းစစ်ဆေးပြီးမှ မွန်ပြည်နယ်အစိုးရကိုတင်ပြပေးရန် လိုအပ်ပါမယ်။ မွန်ပြည်နယ်အစိုးရအနေနဲ့ မြေယာကိစ္စများ ပြီးပြတ်အောင်ဆောင်ရွက်ပြီးဖြစ်ကြောင်း စိစစ်ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မှတ်တမ်းထားရှိမည်ဖြစ်ပါကြောင်းနှင့် နှစ်စဉ်လျာထားဆောင်ရွက်ရတဲ့လုပ်ငန်းများဟာလည်း ရန်ပုံငွေဝင်ဆံ့မှု အတိုင်းအတာအဖြစ်သာ လျာထားဆောင်ရွက်နေရပါတယ်။ ယခု မေးမြန်းထားတဲ့လုပ်ငန်းဟာ တတိယငါးနှစ်စီမံကိန်းတွင် ရန်ပုံငွေဝင်ဆံ့မှုနှင့် ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**သွားလာရေးခက်ခဲသော နေရာဒေသများနှင့် ချောင်းကူး/မြောင်းကူးနေရာများတွင် ကုန်ကျတန်ဖိုးမကြီးမားဘဲ ရေရှည်အတွက် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည့် သံမဏိကြမ်းခင်း/သံမဏိကြိုးတံတားငယ်များတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ လမ်းပန်းဆက်သွယ်ရေးနှင့် သွားလာရေးခက်ခဲပြီး ချောင်းကူး/မြောင်းကူးတွေရှိတဲ့ နေရာဒေသတွေမှာ နိုင်ငံတော်ရဲ့ စီမံကိန်းတွေအရ လူနေထိုင်သွားလာမှုအနေအထားပေါ်မူတည်ပြီး လမ်း/တံတားတွေ ဦးစားပေးအဆင့်လိုက် ဖောက်လုပ်၊ ဆောက်လုပ်ပေးကြောင်း သိရပါတယ်။

နိုင်ငံရဲ့အဆင်းရဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးဒေသတွေမှာ လူနေထိုင်မှုနည်းပါးတဲ့ ကျေးရွာတည်ဆောက်မှုအလှမ်းကွာဝေးပြီးတော့ သွားလာရေးခက်ခဲလွန်းတဲ့အတွက်ကြောင့် နိုင်ငံတော်ကနေပြီးတော့ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ပေးဖို့ အခက်အခဲရှိပါတယ်။ လူမှုကွန်ယက်တွေမှာ တွေ့ရတဲ့ ပုံနှင့် ဗီဒီယိုဖိုင်အချို့မှာ နိုင်ငံ့တာဝန်ထမ်းနေရတဲ့ ဆရာဆရာမတွေနှင့်ကျောင်းသူကျောင်းသားတွေဟာ ပညာသင်ကြားနိုင်ရေးအတွက်ကို စာသင်ကျောင်းတွေရှိတဲ့နေရာကို သွားလာတဲ့အခါမှာ အခက်အခဲမျိုးစုံနှင့်အသက်အန္တရာယ်ကြားကနေ သွားလာနေကြကြောင်း သိရပါတယ်။ ၁၆-၁၁-၂၀၁၈ ရက်နေ့ ခေါင်လန်ဖူးမဲဆန္ဒနယ်က ဦးအာမိုးဆီတင်သွင်းခဲ့တဲ့အဆိုရဲ့ Power Point မှာဖော်ပြခဲ့တဲ့ ချောင်းကူး/မြောင်းကူခက်ခဲတဲ့အနေအထား ဓာတ်ပုံတွေနှင့် Facebook Online တွေမှာ လွှင့်တင်ထားတဲ့ ဗီဒီယိုင်ဖိုင်တွေအရ နိုင်ငံ့တာဝန်ထမ်းနေကြတဲ့ ဆရာဆရာမတွေနှင့် ကျောင်းသူကျောင်းသားတွေဟာ မိုးရာသီကာလတောင်ကျချောင်းရေ စီးကျနေတဲ့ ချောင်းကူးကြိုးတံတားငယ်ကနေ ခက်ခက်ခဲခဲနှင့် အသက်အန္တရာယ်ကိုမမှုဘဲ သွားလာနေရကြောင်းနှင့် ကြိုးတံတားဆိုတာကလည်း ဒေသထွက်တဲ့ ကြိမ်၊ ဝါး၊ နွယ်တို့နှင့်လုပ်ထားလို့ ခိုင်ခန့်မှုအတွက် အာမခံချက်မပေးနိုင်တဲ့ ကြိုးတံတားတွေဖြစ်နေတဲ့ အတွက်ကြောင့် မတော်တဆမှုတွေဖြစ်ပေါ်နိုင်ခြေများတဲ့အတွက် အကာအကွယ်မဲ့နေတဲ့နေရာ အနေအထားမျိုး၊ လုံခြုံစိတ်ချမှုမရှိတဲ့အနေအထားမျိုးနှင့် သွားလာနေကြရတဲ့ နေရာတော်တော်များ

များမှာရှိမယ်လို့လည်း ထင်ပါတယ်။ ပြီးတော့ အချို့နေရာဒေသတွေမှာ ချောင်းကူးမြောင်းကူးတွေ ရှိနေတဲ့အတွက်ကြောင့် မိုးရာသီကာလမှာ တစ်ယောက်လက်တစ်ယောက်တွဲပြီးတော့ ရေထဲကနေ ခက်ခက်ခဲခဲ သွားလာနေကြရပြီး ပညာသင်ယူသင်ကြားနေရတဲ့အခက်အခဲတွေကို အထိုက်အလျောက် ပြေလည်စေလိုတဲ့စိတ်နဲ့ နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်တဲ့ အဖိုးနည်းဝန်ပါသဘောမျိုး အဆင် ပြေပြီး ရေရှည်အသုံးပြုနိုင်ဖို့အတွက် စိတ်ချလုံခြုံရတဲ့ ကျွန်တော်တို့မြို့နယ်မှာ ဆွမ်ဇလန်နိုင်ငံ NGO အဖွဲ့တွေက လှူဒါန်းဆောက်လုပ်ပေးထားတဲ့ ၈ ပေအကျယ်သံမဏိကြမ်းခင်း၊ သံမဏိကြိုးတံတား ပုံစံ မျိုးဆောက်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင် ခန့်မှန်း ကျပ်သိန်း ၅၀၀ လောက်ပဲရှိလို့ တန်ဖိုးလည်းသိပ်မများ တဲ့အတွက် သွားလာရေးခက်ခဲတဲ့ နေရာဒေသတွေက ပြည်သူတွေအတွက်လည်း အန္တရာယ်ကင်းကင်း နဲ့ ရေရှည်အကျိုးရှိရှိ အသုံးပြုနိုင်မှာဖြစ်တယ်လို့ ယူဆပါတယ်။

ကျွန်တော့်ကို Power Point သုံးခွင့်ပြုစေချင်ပါတယ်။ ဒါကတော့ Facebook တွေမှာ ဖော်ပြထားတဲ့ ခက်ခဲတဲ့ ကြိုးတံတားတွေနဲ့ သွားလာနေကြတာဖြစ်ပါတယ်။ ဒါကလည်းပဲ ကျောင်းသူ ကျောင်းသားတွေ ချောင်းကူးမြောင်းကူးသွားလာနေတဲ့ ပုံဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ လှိုင်းဘွဲ့မြို့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တင်ပြခဲ့တဲ့ NGO ကလှူဒါန်းတဲ့ ကြိုးတံတားပုံစံ ဖြစ်ပါတယ်။ ပေ ၂၄၀ အရှည်ရှိပါတယ်။ ဒါကလည်း ဒီတံတားပုံစံဖြစ်ပါတယ်။ ဒါကတော့ ဒီတံတားရဲ့ ကြိုးဆိုင်းတွေကို ထိန်းတဲ့အထိန်းပုံစံဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ သွားလာရေးခက်ခဲတဲ့ နေရာဒေသများနှင့် ချောင်းကူး/မြောင်းကူးနေရာတွေမှာ တန်ဖိုးကြီးမားတဲ့ သံကူကွန်ကရစ်တံတားများ တည်ဆောက်ပေးရန် အခက်အခဲရှိတဲ့ ဒေသတွေမှာ ကုန်ကျစရိတ်တန်ဖိုးမကြီးမားတဲ့ ရေရှည်အတွက် လည်း လုံခြုံစိတ်ချပြီး အသုံးပြုနိုင်တဲ့ သံမဏိကြမ်းခင်း/သံမဏိကြိုးတံတားငယ်များ ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိဘူးဆိုလို့ရှိရင် အခြားမည်သည့်နည်းလမ်းနှင့် ဆောင်ရွက်ပေးရန် စီစဉ်မှုများရှိကြောင်း ဖြေကြားပေးနိုင်ရေး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်

တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုမေးမြန်းထားတဲ့ သွားလာရေးခက်ခဲသော နေရာဒေသများနှင့် ချောင်းကူး/မြောင်းကူးနေရာများမှာ ကုန်ကျတန်ဖိုးကြီးမားသည့် သံကူကွန်ကရစ်တံတားများအား တည်ဆောက်ပေးရန် အခက်အခဲရှိသည့်ဒေသများမှာ ကျန်ကျတန်ဖိုးမကြီးမားဘဲ ရေရှည်အတွက် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည့် သံမဏိကြမ်းခင်း/သံမဏိကြိုးတံတားငယ်များ ဆောင်ရွက်ပေးရန် စီစဉ်ပေးနိုင်ခြင်းရှိ/မရှိနှင့် မရှိလျှင် မည်သည့်နည်းလမ်းဖြင့်ဆောင်ရွက်ပေးရန် စီစဉ်မှုများရှိကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးပို့လာသောအချက်အလက်များနှင့် ပေါင်းစပ်၍ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် လမ်း/တံတားများ ဖောက်လုပ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်နှင့်အညီ တိုးတက်လာတဲ့ မော်တော်ယာဉ်များရဲ့ အခြေအနေအရ တံတားဒီဇိုင်း HS-25 ကိုအခြေခံပြီး အခုဆိုရင်တော့ ၇၅ တန်ထိခံနိုင်ဝန်ရှိတဲ့ တံတားများအဖြစ် ဒီဇိုင်းကိုပြောင်းလဲပြီးတော့ တည်ဆောက်လျက်ရှိပါတယ်။ ၎င်းကဲ့သို့ တည်ဆောက်တဲ့နေရာမှာ ပဏာမကြိုတင်ဖြစ်မြောက်နိုင်စွမ်းလေ့လာဆန်းစစ်မှု Pre Feasibility Study နှင့် Feasibility Study တို့ကိုဆောင်ရွက်ပြီးမှ သံကူကွန်ကရစ်တံတား၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား၊ ကြိုးဆိုင်းတံတား၊ ကြိုးဆွဲတံတားနှင့် သံမဏိသံဘောင်တံတားများစသည်ဖြင့် အမြဲတမ်းတံတားများကို Design တွက်ချက်ပြီး တည်ဆောက်ရတာဖြစ်ပါတယ်။

အဆိုပါ အမြဲတမ်းတံတားတွေ မတည်ဆောက်ပေးနိုင်သေးတဲ့ အချိန်မှာတော့ ယာယီအသုံးပြုနိုင်ဖို့အတွက် ယာယီဘေလီတံတားတွေကို တည်ဆောက်ပြီးအသုံးပြုလျက်ရှိပါတယ်။ တချို့နေရာဒေသတွေမှာတော့ ဒေသခံပြည်သူတွေကနေပြီးတော့ မိမိအစီအစဉ်ဖြင့်လည်းကောင်း၊ အလှူရှင်များရဲ့အစီအစဉ်ဖြင့်လည်းကောင်း ကြိုးတံတားငယ်လေးတွေ၊ လူကူးတံတားငယ်လေးတွေ၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီကူးတံတားငယ်လေးတွေကို ကိုယ်ထူကိုယ်ထ တည်ဆောက်အသုံးပြုနေကြတာကို တွေ့ရှိရပါတယ်။ အဆိုပါတံတားငယ်လေးတွေကတော့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်း Design Standard အပိုင်းမှာတော့ သတ်မှတ်ပေးနိုင်ခြင်းမရှိပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြောင်းမြ ကြိုးတံတားပျက်ကျပြီးတဲ့နောက်မှာ လက်ရှိရှိနေတဲ့ ကြိုးတံတားတွေဖြစ်တဲ့ လပွတ္တာ(ပင်လယ်လေး တံတား)၊ ဝါးခယ်မကြိုးတံတား၊ ရွှေလောင်းကြိုးတံတား၊ မဲဇလီကြိုးတံတားအစရှိတဲ့ ကြိုးတံတား တွေကို ကြိုးတံတားများအစား သံကူကွန်ကရစ်တံတားအဖြစ်နဲ့ ပြန်လည်ပြီးတော့ အစားထိုးတည် ဆောက်လျက်ရှိပါတယ်။ အလားတူဂျိုင်း-ကော့ကရိတ်တံတား၊ အတ္ထရံကြိုးတံတား ဒါတွေကိုလည်းပဲ အသစ်ပြန်လည်တည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ရာမောင်ကြိုး တံတားကိုလည်း အသစ်ပြန်လည်တည်ဆောက်ဖို့ ဒီဇိုင်းရေးဆွဲလျက်ရှိပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ဝန်ကြီးဌာနသည် သတ်မှတ်စံချိန်စံညွှန်းကို အထူးအလေးပြုပြီးတော့ တံတားတွေကို တည်ဆောက်လျက်ရှိပါတယ်။ စံချိန်စံညွှန်းပြည့်မီအောင် မတည်ဆောက်နိုင်သေးရင်တော့ ယာယီ ဘေလီတံတားတွေကို အစားထိုးတည်ဆောက်လျက်ရှိတဲ့အတွက် စံချိန်စံညွှန်းသတ်မှတ်ချက် တိတိ ကျကျမရှိတဲ့ ကြိုးတံတားလေးတွေကိုတော့ ဆောင်ရွက်သွားဖို့ အစီအစဉ်မရှိပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။

**မြစ်သားမြို့၏ အဓိကကျသော၊ ယာဉ်သွားယာဉ်လာများသော ဗိုလ်ချုပ်လမ်း(မြစ်သား-အိုးသူကြီး-အင်းကုန်းလမ်း၏ မြို့တွင်းပိုင်း)အား ၁၈ ပေအကျယ်မှ ၂၄ ပေအကျယ်သို့ တိုးချဲ့ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာ လင်းလင်းကျော်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ မြစ်သားမြို့နယ်ရှိ ဗိုလ်ချုပ်လမ်းကို အကျယ်ချဲ့ပေးရန်အတွက် မေးခွန်းမေးမြန်းသွားပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဗိုလ်ချုပ်လမ်းဟာ မြို့လယ်မှာရှိပေမဲ့လည်း စည်ပင်က စီမံခန့်ခွဲတဲ့လမ်းမဟုတ်ဘဲနဲ့ မြစ်သား-အိုးသူကြီး-အင်းကုန်း လမ်းရဲ့အစိတ်အပိုင်းတစ်ခုဖြစ်နေပါတယ်။ အဲဒီကျတော့ လုံလောက်တဲ့လမ်းအကျယ်မရှိတဲ့အတွက် ကြောင့်မို့လို့ ကားတွေ၊ ဆိုင်ကယ်တွေ၊ ကားကြီး/ကားငယ်တွေ၊ ထော်လာဂျီတွေဖြတ်သန်းတဲ့အခါမှာ အင်မတန်ကျဉ်းမြောင်းတဲ့အတွက် ယာဉ်မတော်တဆမှုတွေ ခဏခဏဖြစ်ပွားတဲ့ လမ်းလည်းဖြစ်ပါ တယ်။ ဒီလမ်းရဲ့အကျယ်က ကားကြီးနှစ်စီးရှောင်ဖို့မပြောနဲ့ ကားကြီးနဲ့ကားလေးရှောင်ရင်တောင်မှ

မတော်တဆတစ်ခုခုဖြစ်ခဲ့ရင် ဒီကားကြီးသည် လမ်းညာဘက်ကပ်မောင်းနေရင်တောင်မှ သူသည် လမ်းဟိုဘက်ကျော့ကို နင်းနေတဲ့အတွက်ကြောင့်မို့လို့ အင်မတန်ဖြေရှင်းရခက်ပြီးတော့ အင်မတန် လည်း ခဏခဏထိခိုက်ဒဏ်ရာနဲ့ အသေအပျောက်ရှိခဲ့တဲ့လမ်းလည်းဖြစ်တဲ့အတွက် ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြစ်သားမြို့ရှိ ကျောင်းသူကျောင်းသားများ၊ ရုံးသူရုံးသားများ၊ ဈေးသူဈေးသားများ၊ ရဟန်းရှင်လူပြည်သူများ၊ သာရေး၊ နာရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက တစ်ဆင့် ဒီဗိုလ်ချုပ်လမ်းကို လမ်းအကျယ်ချဲ့တိုးချဲ့ပေးပါရန် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော် မေးမြန်းထားတဲ့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့၏ အဓိကကျသော၊ ယာဉ်သွားယာဉ်လာများသော ဗိုလ်ချုပ်လမ်း(မြစ်သား-အိုးသူကြီး-အင်းကုန်းလမ်း၏ မြို့တွင်းအပိုင်း)ကို ၁၈ ပေအကျယ်မှ ၂၄ ပေအကျယ်သို့ တိုးချဲ့ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက အဘယ့် ကြောင့်နှင့်စပ်လျဉ်းတဲ့မေးခွန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်အတွင်း မြစ်သား-အိုးသူကြီး-အင်းကုန်းလမ်း (၁၈)မိုင်ခြောက်ဖာလုံသည် မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်း၏ လက်ရှိအခြေအနေမှာ အကျယ် ၁၈ ပေ ကတ္တရာလမ်း ၄ မိုင် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ ကတ္တရာလမ်း ၁၄ မိုင်ဖြစ်ပါ တယ်။ မြစ်သားမြို့ရဲ့ ယာဉ်သွားလာမှု အဓိကများပြားတဲ့ အဓိကလမ်းအပိုင်းဖြစ်တဲ့ ဗိုလ်ချုပ်လမ်း အပိုင်း မြစ်သား-အိုးသူကြီး-အင်းကုန်းလမ်းမြို့တွင်းပိုင်းရဲ့ အရှည်က ၁ မိုင် ၅ ဖာလုံရှိပါတယ်။ အဆိုပါ အပိုင်းကိုတော့ ပထမဦးစားပေးအနေနဲ့ ၁၈ ပေကနေ ၂၄ ပေအကျယ်ချဲ့ပေးဖို့အတွက် ဒီဇိုင်းရေးဆွဲ ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံပြီး

ရန်ပုံငွေရရှိမှုအပေါ် မူတည်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။

**မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းတို့တွင် ပါဝင်သော မိုးကောင်းမြို့နယ် အတွင်းရှိ လမ်းပိုင်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဖြစ်ပါတယ်ခင်ဗျ။ ဒီနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကြီးမှာ မန္တလေး-ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းတို့မှ ကျွန်တော်တို့ မိုးကောင်းမြို့နယ်အတွင်း လမ်းပိုင်းများကို အဆင့်မြှင့်တင်ပေးစေဖို့အတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ မိုးကောင်းလမ်းပိုင်းအခြေအနေကတော့ ဒါကျွန်တော်တို့ လမ်းဦးစီးဌာနကဆောင်ရွက်တဲ့အတိုင်းပဲ မူလမြေသားလမ်း ပြီးတော့ ကျောက်ချောလမ်းပြီးရင် ကျွန်တော်တို့ ၁၂ ပေလမ်း ပြီးရင် ၃ ပေစီချဲ့ပြီးရင်တော့ ထပ်ပိုးလွှာပေါ့နော် စသဖြင့် အဆင့်မြှင့်တင်တဲ့အစီအစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ လမ်းပိုင်းအခြေအနေကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကုမ္ပဏီတွေကို ၃ ပေစီချဲ့ထားတဲ့အဆင့်ထိ ရောက်ရှိနေပြီဖြစ်ပါတယ်။

ဒီလမ်းချဲ့တဲ့နေရာမှာ လမ်းအသားမသေဘဲချဲ့ခဲ့တဲ့အတွက် ဒါလမ်းချဲ့တဲ့ ၃ ပေ ၂ ဖက်ကလမ်းအသားတွေနိမ့်ကျပြီးတော့ မူလလမ်းမကြီးနဲ့မညီဘဲနဲ့ သုံးလမ်းသွားလိုဖြစ်နေတဲ့အခြေအနေဖြစ်ပါတယ်။ ယာဉ်တွေကလည်း နိမ့်ကျတဲ့လမ်းတစ်လျှောက်က မညီမညာဖြစ်တဲ့အတွက် ဒီလမ်းကျယ်တဲ့မူလလမ်းပေါ်ပဲတက်ပြီး လမ်းကျောလုမောင်းတဲ့အခါမှာလည်း ယာဉ်အန္တရာယ်တွေလည်း ကြုံတွေ့နေရပါတယ်။ ဒီတော့ မြစ်ကြီးနားဘက်အပိုင်းလို ၃ ပေစီချဲ့ပြီး ထပ်ပိုးလွှာခင်းလိုက်တဲ့အခါမှာ ညီညာပြန့်ပြူးသွားတဲ့အတွက် ဒီလိုအခြေအနေဆောင်ရွက်ပေးနိုင်ဖို့အတွက် တင်ပြတဲ့အခါမှာလည်း ဒါ BOT ပေးဖို့ရှိတယ်ဆိုမှ ငြင်းပယ်တာခံခဲ့ရပါတယ်။ ဒီအတွက်ကြောင့်မို့လို့ပဲ ၂၇-၂-၂၀၁၈ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကြီးမှာ ဒီလမ်းပိုင်းအနေနဲ့ပတ်သက်ပြီး BOT ပေးဖို့ကိစ္စကို မေးမြန်း

တဲ့နေရာမှာ ဝန်ကြီးကလည်း လာပြီးတော့ BOT ပေးဖို့မရှိဘူး။ ပြည်ထောင်စုအစိုးရအနေနဲ့ပဲ တာဝန်ယူပြီးမှ ခင်းသွားမယ်ဆိုပြီးတော့မှ ဆောင်ရွက်ပေးမယ်ဆိုမှ ဒါဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီတော့ BOT လည်းမပေးနိုင်၊ ဌာနကလည်းမခင်းနိုင်ဘဲနဲ့ ကျွန်တော်တို့ ၄၊ ၅ နှစ်အတွင်းမှာ လမ်းက ပိုပြီးမှပျက်စီးလာတယ်။ ဆင့်ကလည်းပိုပြီးတော့မှ နိမ့်ကျလာမှာဖြစ်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ တကယ်လို့ လမ်းအဆင့်မြှင့်တင်ဖို့အစီအစဉ်တွေဖြစ်လာပြီဆိုရင် မဖြစ်မနေ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးစေလိုတာက ဒီလမ်းမကြီးပေါ်မှာရှိတဲ့တံတားတွေပဲ ဖြစ်ပါတယ်။

တံတားတွေကိုတည်ဆောက်စေရာမှာ မူလလမ်းထက်ကို များစွာမြင့်ပြီး တည်ဆောက်ထားခဲ့တဲ့အတွက် တံတားကိုဖြတ်တဲ့ယာဉ်တိုင်းဟာ တစ်ဆင့်ကျတံတားတွေပေါ်မှ တက်ရတဲ့အခါမှာ အင်မတန်မှ အန္တရာယ်ရှိပါတယ်။ တစ်လမ်းလုံးမှာလည်း တံတားတွေ၊ ရေပေါက်တွေကများတဲ့အတွက် မကြာခဏဖြတ်နေရတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒီတော့ လမ်းအဆင့်မြှင့်တင်မယ်ဆိုရင် တံတားနှင့်လမ်းတွေ ပြေပြေပြစ်ပြစ်ကလေး ကူးသန်းသွားလာနိုင်ဖို့အတွက်ကိုလည်း စီစဉ်ဆောင်ရွက်ပေးဖို့ တင်ပြလိုပါတယ်ခင်ဗျား။ နောက်လမ်းပိုင်းတစ်ခုကတော့ မိုင်းကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်း အခြေအနေဖြစ်ပါတယ်။ ဒီလမ်းပိုင်းအခြေအနေဟာ ကျောက်ချောလမ်းအဆင့်ဖြစ်ပြီးတော့ သုံး၊ လေးနှစ်လောက်လုံးဝ ပြုပြင်ထိန်းသိမ်းခြင်းမရှိတဲ့အတွက် အင်မတန်မှဆိုးရွားပျက်စီးလာပြီးမှ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါနေ့စဉ်ဖြတ်သန်းသွားလာနေတဲ့ ကုန်ကားတွေ၊ ဆီကားတွေကြောင့် ဒီထက်ပိုပြီးတော့မှ ပျက်စီးဆိုးရွားလာဖို့လည်း ရှိနေပါတယ်။ ဒီလမ်းကိုလည်း ကျွန်တော် အရင်မေးခွန်းမှာမေးမြန်းတဲ့အခါမှာ ဒီလမ်းကိုလည်း BOT ပေးမှာမဟုတ်ဘူး။ ဝန်ကြီးဌာနကနေပဲ ဆောင်ရွက်ပေးမယ်လို့လည်း ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခုက ကျောက်မျက်လုပ်ငန်းရှင်တွေကနေပြီးတော့ ဒီလမ်းကို ငွေစိုက်ထုတ်ပြီးတော့မှ ဆောင်ရွက်ပေးစေလိုတယ်။ ဆောင်ရွက်ပေးမယ်ဆိုပြီးတော့ ညှိနှိုင်းနေတယ်လို့လည်း ကြားရပါတယ်။

နောက်သတင်းစာမှာလည်း ကချင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးမှ EOI ခေါ်ထားတာကိုလည်း တွေ့ရပါတယ်။ ဒီတော့ BOT ကလည်းပေးဖို့မရှိဘူး။ ဌာနကလည်း ဆောင်ရွက်မယ်လို့ပြောတယ်။ ကျောက်မျက်လုပ်ငန်းရှင်တွေကလည်း ခင်းမယ်လို့ကြားတယ်။ EOI ခေါ်နေတာလည်း တွေ့ပါတယ်။ ဒီတော့ဘယ်အစီအစဉ်နဲ့ ဒီလမ်းကြီးကောင်းလာမှာလဲ၊ ဘယ်တော့လမ်းကောင်းသွားရမှာလဲ ဆိုတာလည်း အဲဒီဒေသတွေကိုသွားတိုင်း ဒါမဲဆန္ဒရှင်များမေးတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဒီလမ်းနဲ့ပတ်သက်ပြီး တင်ပြချင်တာတစ်ခုကလည်း ဒါမိုးကောင်းနှင့် ဖားကန့်မြို့နယ်အဆက်မှာရှိတဲ့ နမ့်ဟိုင်ကျေးရွာ

တစ်လျှောက်မှာ တောင်ကျရေကြောင့်မို့လို့ လမ်းကိုတိုက်စားပြီးတော့ လမ်းပျက်စီးမယ့် အန္တရာယ်ကလည်း ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းကပဲ ကွင်းဆင်းတဲ့အခါမှာတွေ့ခဲ့ရတဲ့ အခြေအနေလေးလည်း တင်ပြလိုပါတယ်။ လမ်းပန်းဆက်သွယ်ရေးဟာ ကျွန်တော်တို့ ဒေသလိုအပ်ချက်အများစုရဲ့ သော့ချက်ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးတွေ၊ ဆေးရုံ၊ ဆေးခန်းအဆင့်တိုးတွေ တင်ပြတဲ့အခါတိုင်းမှာ ဝန်ကြီးဌာနတွေက ဖြေကြားတာလည်း အနီးစပ်ဆုံးကျောင်း၊ ဆေးရုံတွေနဲ့ ခရီးအကွာအဝေးပေါ်မှာ တွက်ချက်တာရှိပါတယ်။ ဒီတော့ လမ်းကောင်းတဲ့၊ ချောမွေ့တဲ့ဒေသတွေမှာ အခက်အခဲမရှိပေမဲ့ လမ်းဆိုးတဲ့ဒေသတွေအတွက် အကွာအဝေးစံချိန်စံညွှန်းကလည်း အခက်အခဲ ဖြစ်နေတုန်းပါပဲ။ ဒီတော့ ကျွန်တော်တို့ဒေသခံတွေရဲ့ စားဝတ်နေရေးကို တွယ်အားထားတဲ့နေရာ နောက်ပြီးတော့ တိုင်းပြည်ရဲ့ ဘဏ္ဍာငွေအလုံးအရင်းနဲ့ဖြည့်တင်းပေးနေတဲ့ ဒီဖားကန့်လမ်းကြီးနဲ့ ကျွန်တော်တို့တစ်မြို့နယ်လုံး အားကိုးအားထားပြုနေရတဲ့ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းပိုင်းကို အဆင့်မြှင့်တင်လိုက်မယ်ဆိုရင် တစ်မြို့နယ်လုံးရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကိစ္စအဝဝကို မြှင်တင်ပေးရာရောက်မှာ ဖြစ်တဲ့အပြင် ဇလုံတောင်၊ အင်းတော်ကြီး၊ ဧရာဝတီမြစ်ဆုံစတဲ့ သမိုင်းဝင်အမွေအနှစ်နှင့်စပ်လျဉ်းတဲ့ ပြည်တွင်းခရီးသွားလုပ်ငန်းတွေ တစ်နေ့တခြားတိုးတက်လာတဲ့ ခရီးသွားလုပ်ငန်းကိုပါ အထောက်အကူပြုမှာဖြစ်တဲ့အတွက် ဒီလမ်းပိုင်းများကို အဆင့်မြှင့်တင်ပေးဖို့အစီအစဉ်ကို ဘယ်နှစ်မှ လျာထားဆောင်ရွက်ပေးမလဲဆိုတာ သိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်မေးမြန်းထားတဲ့ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းတို့တွင်ပါဝင်သော မိုးကောင်းမြို့နယ်အတွင်းရှိ လမ်းပိုင်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် မည်သို့အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းက လမ်းနှစ်လမ်းအပိုင်း ဖြစ်ပါတယ်။ တစ်လမ်းက မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းအပိုင်း၊

ပြည်ထောင်စုလမ်းမကြီးအပိုင်းနှင့် ဒုတိယအပိုင်းကတော့ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအပိုင်း ဖြစ်ပါတယ်။ ပထမလမ်းအပိုင်းဖြစ်တဲ့ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းအပိုင်း ဒီလမ်းအပိုင်းဟာ BOT ပေးဖို့အစီအစဉ်မရှိပါဘူး။ ကျွန်တော်တို့ဝန်ကြီးဌာနကနေ အခုဆိုလို့ရှိရင်တော့ ဒီရွှေဘိုကနေစတင်ပြီးတော့ လမ်းတွေကိုအဆင့်မြှင့်တင်နေပြီ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးထဲကနေစပြီး အဆင့်မြှင့်တင်ပြီးတော့ မြစ်ကြီးနားထိတောက်လျှောက် အဆင့်မြှင့်တင်သွားမှာဖြစ်ပါတယ်။ ဒီအပိုင်းကတော့ ရွှေဘို-မြစ်ကြီးနား(မိုးကောင်းမြို့နယ်အပိုင်း)ဟာ ၃၇၂.၅၆ က ၄၄၇.၁၉ ကနေ စုစုပေါင်း မိုးကောင်းမြို့နယ်အတွင်းမှာ ၇၄.၆၃ ကီလိုမီတာရှိပါတယ်ခင်ဗျာ။

အဆိုပါလမ်း၏ လက်ရှိအခြေအနေကတော့ ၅.၅ မီတာအကျယ်၊ ၂.၄၁ ကီလိုမီတာရှိတဲ့ AC လမ်းခင်းထားပြီးဖြစ်သလို ၁၂.၁၉ မီတာ၊ ၁.၂၁ ကီလိုမီတာရှိတဲ့ ကတ္တရာကွန်ကရစ်လမ်းနှင့် ၅.၅ မီတာအကျယ်၊ ၇၁ ကီလိုမီတာရှိတဲ့ ကတ္တရာလမ်းတို့ လက်ရှိရှိပါတယ်။ ၎င်းလမ်းအပိုင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၃၇၄ မှ ၄၄၆ ကီလိုမီတာအတွင်းမှာ အရှည် ၁ ကီလိုမီတာအကျယ်ရှိတဲ့ ၅.၅ မီတာ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာကိုတော့ ၄.၁ ကီလိုမီတာခင်းခဲ့ပါတယ်။ RC Box Culvert နှစ်စင်း၊ တံတား ၁၃ စင်း၊ ချဉ်းကပ်လမ်း Gradient ဖြေညှိခြင်းနှင့် ဒီချဉ်းကပ်လမ်းနှင့် တံတားတွေအပေါ်မှာ ကတ္တရာခင်းခြင်းလုပ်ငန်းတွေကို လက်ရှိဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လာမည့်နှစ်ဘဏ္ဍာရေးနှစ်အတွက်ကိုတော့ ရန်ပုံငွေ ၄၀၅.၈၄၀ သန်းလျာထားပါတယ်။ လျာထားတင်ပြထားပြီးတော့ စုစုပေါင်း အရှည် ၃.၂ ကီလိုမီတာ၊ အကျယ် ကတ္တရာလမ်း၊ ကတ္တရာထပ်ပိုးလွှာခင်းဖို့နှင့် ၁.၄၄ ကီလိုမီတာကိုတော့ လမ်းမျက်နှာပြင်ဖြေညှိခြင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် လျာထားတင်ပြထားပါတယ်။

မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအပိုင်းဖြစ်ပါတယ်။ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအပိုင်းကတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းကို ပထမဦးဆုံး BOT စနစ်နဲ့ ဆောင်ရွက်ဖို့အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ၉-၁-၂၀၁၉ ရက်နေ့မှာ Expression of Interest(EOI)ကို တင်ပြထားနိုင်ကြောင်း ၈-၁၂-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ထည့်သွင်းကြော်ငြာခဲ့ပါတယ်။ EOI အဆိုပြုလွှာကို ကုမ္ပဏီ ၃ ခုက လျှောက်ထားလာပါသဖြင့် လမ်းဦးစီးဌာန၊ စိစစ်ရွေးချယ်ရေးကော်မတီဖြင့် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘဏ္ဍာရေးပုံစံ (Financial Model)နဲ့ အခုလက်ရှိ စိစစ်လျက်ရှိပါတယ်။ ဒီနေရာမှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကတော့ ဒီလမ်းပိုင်းကို အမြန်ဆုံးကောင်းမွန်ချင်တဲ့အတွက် EOI ခေါ်ခြင်း

**မူကြမ်း**

ဖြစ်ပါတယ်။ တစ်ချိန်မှာ ကျွန်တော်တို့ ဖားကန့်လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးကနေပြီးတော့ ဖားကန့်မှာရှိတဲ့ ကျောက်စိမ်းလုပ်ငန်းရှင်တွေ စုပေါင်းပြီးတော့ လမ်းကိုလုပ်ပေးမယ်ဆိုတဲ့အတွက် ကျွန်တော်တို့ ဒီလွှတ်တော်ကိုယ်စားလှယ်နှင့် လုပ်ငန်းရှင်တွေနဲ့ ညှိပါသေးတယ်။ သို့သော်လည်းပဲ တကယ့်လက်တွေ့ကုန်ကျစရိတ်များပြားတာကလည်းတစ်ကြောင်းကြောင့် အခက်အခဲတွေအများကြီး ရှိတဲ့အတွက်ကြောင့်မို့လို့ အခုတော့ ကျွန်တော်တို့က ဒီ EOI ခေါ်ထားရတဲ့ကော်မတီများနှင့် ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလမ်းပိုင်း မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းဟာ စုစုပေါင်း ၁၉.၃ ကီလိုမီတာရှိပြီးတော့ လောလောဆယ်မှာတော့ ကျောက်ချောလမ်းအဆင့်ပဲရှိပါသေးတယ်။ အဆိုပါလမ်းပိုင်းကို လောလော ဆယ်မှာတော့ ဒီလမ်းမျက်နှာပြင်များ ချောမွေ့စေဖို့အတွက် ၉.၅ ကီလိုမီတာအရှည်အတွင်းမှာတော့ ၈၅၀၀ စတုရန်းကီလိုမီတာကို လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းတွေဆောင်ရွက်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့်လည်းကောင်း၊ ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၉.၅ မှ ၁၉.၃ အတွင်းမှာတော့ ၅၆၀၀ စတုရန်းမီတာကို လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ရန်ပုံငွေတင်ပြတောင်းခံထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အောင်လံ-တောင်တွင်းကြီး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နှစ်(၁၀၀)သက်တမ်းနီးပါးရှိသော တံတားအမှတ် ၂၆၂/၂ ကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး အားလုံးရှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတဲ့မေးခွန်းကတော့ အောင်လံ-တောင်တွင်းကြီး-မကွေးလမ်းမကြီးမှာရှိတဲ့ တံတားအမှတ် (၂၆၂/၂)ကိုသံကူကွန်ကရစ်တံတားအဖြစ်နဲ့ တည်ဆောက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်း

ဖြစ်ပါတယ်။ ဒီတံတားကြီးဟာ တောင်တွင်းကြီးမြို့နယ်၊ ပရပ်ကျယ်ကျေးရွာအနီး တောင်အူချောင်းကို ဖြတ်ဆောက်ထားတဲ့တံတားကြီးဖြစ်ပါတယ်။ ဒီတံတားကြီးက အောက်ခြေကွန်ကရစ်တိုင်နဲ့ အပေါ်ပိုင်းကတော့ သံဘောင်ကြီးနှစ်ခုချိတ်ဆက်ထားတဲ့တံတားကြီး ဖြစ်ပါတယ်။ ဒီတံတားကြီးတည်ရှိတဲ့ လမ်းမကြီးက ပြည်-အောင်လံ-တောင်တွင်းကြီး-မကွေးမြို့များသို့သွားလာနိုင်တဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်တဲ့အပြင် ပြည်-အောင်လံ-တောင်တွင်းကြီး-မြို့သစ်-နတ်မောက်၊ ပြည်-နေပြည်တော်ဆက်သွယ်သွားလာနေတဲ့ ကားကြီးများဖြတ်သန်းသွားလာနေတဲ့လမ်းဖြစ်ပါတယ်။ တစ်နေ့တစ်နေ့ယာဉ်အစီးပေါင်း ၁၀၀ ကျော် လောက်ဖြတ်နေတဲ့တံတားကြီးဖြစ်ပါတယ်။ ဒီတံတားကြီးရဲ့အရှည်ဟာ ၁၈၅ ပေ၊ အနံ ၁၃ ပေခန့်သာကျယ်ဝန်းတဲ့တံတားဖြစ်လို့ တံတားကြီးပေါ်မှာ ယာဉ်နှစ်စီးတစ်ပြိုင်တည်းဖြတ်သန်းမောင်းနှင်နိုင်ခြင်း မရှိပါဘူး။ တံတားကြီးရဲ့သက်တမ်းကိုကြည့်လိုက်တော့ ယခုအခါမှာ ၉၈ နှစ်ရှိပါပြီ။ တံတားကြီးရဲ့သံဘောင်ကြီးပေါ်မှာ အသားတံဆိပ်နဲ့မပျက်စီးအောင် ရေးထိုးထားတဲ့ တံတားသမိုင်းစာတမ်းအရ Burma P.W.D, Contract No.2 (2125) Maker John Butler and Company Limited Stunning ley, Leeds 1921 လို့ ရေးထားတာကို တွေ့ရပါတယ်။

ဒါကြောင့် ဒီတံတားကြီးဟာ နှစ်ပေါင်း ၁၀၀ ပြည့်ဖို့ နှစ်နှစ်ပဲလိုပါတော့တယ်။ ဗြိတိသျှခေတ်လက်ရာတံတားမို့ ရှေးဟောင်းပစ္စည်းလို့တောင်မှ ခေါ်နိုင်ပါတယ်။ ဒီတံတားကြီးပေါ်ကဖြတ်သန်းသွားလာနေတဲ့ကားတွေဟာ ယခင်အတိတ်တုန်းကလို ယာဉ် ၃ တန်၊ ကုန် ၃ တန် ပေါင်း ၆ တန်ကားတွေမဟုတ်တော့ပါဘူး။ ၁၆ ဘီး တွဲကားကြီးများ၊ ၂၀ ဘီးကားကြီးများ၊ တန်ချိန် ၅၀ လောက်တင်ထားတဲ့ ဒီကားကြီးများဟာ ဒီတံတားကြီးပေါ်ကဖြတ်သန်းသွားလာနေရတာဟာ ပုံပမာနှိုင်းပြီးပြောရရင်တော့ အဖိုးကြီးတစ်ယောက်ကုန်ထမ်းနေသလိုဖြစ်နေပါပြီ။

ဒီတံတားကြီးရဲ့သမိုင်းနှင့်ပုံကို သိရှိနိုင်ရန်အတွက် ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ တံတားကြီးရဲ့ကျဉ်းမြောင်းပုံနဲ့ တံတားကြီးရဲ့အရှည်ကို မြင်နိုင်ပါတယ်။ ကားများတစ်စင်းစီ ဖြတ်သန်းရတာဖြစ်ပါတယ်။ ဟိုဘက်ကားနဲ့ ဒီဘက်ကားတံတားပေါ်မှာဆုံနေတာကိုမြင်နိုင်ပါတယ်။ ယာဉ်ကြီးများဖြတ်သန်းနေပုံဖြစ်ပါတယ်။ တံတားကြီးရဲ့အဝင်မှာ ကွဲအက်နေတဲ့အက်ကြောင်းကြီးကို ထင်ရှားစွာမြင်နိုင်ပါတယ်။ အဲဒီလိုပဲ ကွဲအက်ကြောင်းများဟိုဘက်ဒီဘက်မြင်နိုင်ပါတယ်။ တခြားသောကွဲအက်ကြောင်းများဖြစ်ပါတယ်။ တံတားကြီးရဲ့လက်ရန်းတိုင်များ ပျက်စီးနေတာကိုမြင်နိုင်ပါတယ်။ ဒီမှာတော့ တံတားကြီးရဲ့သမိုင်းမှာ Burma

P.W.D, Contract No.2 (2125) Maker John Butler and Company Limited Stunning ley, Leeds 1921 လို့ တံတားသမိုင်းကြီးကိုထင်ရှားစွာတွေ့မြင်နိုင်ပါတယ်။

ဒါကြောင့် ဒီတံတားကြီးဟာ ပြိတိသျှခေတ်ကဆောက်လုပ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ဒဏ်ကိုလည်း ခံခဲ့ရပါပြီ။ မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်တွေကိုလည်း ခံခဲ့ရပါပြီ။ ခေတ်အဆက်ဆက် မော်တော်ယာဉ်ပေါင်း၊ ကားပေါင်းများစွာဖြတ်သန်းခဲ့ပြီး ယခုအခါတန်ချိန်များစွာ တင်ဆောင်နိုင်တဲ့ ကားတွေဖြတ်သန်းတဲ့အခါမှာ အန္တရာယ်ရှိလာပြီဖြစ်လို့ ဒီတံတားကြီးနေရာမှာ သံကူကွန်ကရစ်တံတား အသစ်တစ်စင်းတည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း မေးမြန်းထားတဲ့ အောင်လံ-တောင်တွင်းကြီး ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ နှစ်(၁၀၀)သက်တမ်းနီးပါးရှိပြီဖြစ်သော တံတားအမှတ်(၂၆၂/၂)ကို သံကူကွန်ကရစ် တံတားအဖြစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်-အောင်လံ-တောင်တွင်းကြီးလမ်း မိုင်တိုင်အမှတ်(၂၆၁/၅)မှ (၂၆၁/၆)ကြားမှာရှိတဲ့ တံတားအမှတ် (၂/၂၆၂) ပရပ်ကျယ်တံတားသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းပေါ်တွင် တည်ရှိတဲ့ တံတားဖြစ်ပါတယ်။

အဆိုပါတံတားသည် ၁၉၂၁ ခုနှစ်တွင် စတင်တည်ဆောက်သောတံတားဖြစ်ပါသဖြင့် သက်တမ်း အားဖြင့် ၉၈ နှစ်ခန့်ကြာပြီဖြစ်ပါတယ်။ ဂျာမန်သံဘောင်ဖြင့်တည်ဆောက်ထားသော တံတားဖြစ်ပြီးတော့ အရှည် ၁၇၆ ပေ၊ အကျယ် ၁၃ ပေဖြစ်ပါတယ်။ အကျယ် ၁၃ ပေဖြစ်တဲ့အတွက် နှစ်လမ်းသွား သွားလို့မရဘဲနဲ့ ယာဉ်တစ်စီးချင်းသွားနေရတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတံတားသည် နှစ်ပေါင်းလည်း ၉၈ နှစ်ရှိပြီဖြစ်တယ်။ နောက် တစ်လမ်းလည်းဖြစ်တဲ့အတွက် ကျွန်တော်တို့က နှစ်လမ်းသွားသံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ဖို့အတွက် လိုအပ်နေတာ

ဖြစ်ပါတယ်။ ဒီတံတားကြီးမှာ ခုနကဖော်ပြထားတဲ့ အက်ကြောင်းကြီးဆိုတာတော့ သံဘောင်တံတား ဖြစ်တဲ့အတွက် Expansion နေ့ခင်းဘက်ပူရင် တံတားကဆန့်ထွက်သွားပါတယ်။ ညဆိုလို့ရှိရင် ပြန်ကျုံ့တော့ အဲဒီအတွက် Gap ကြီးတွေချန်ထားရပါတယ်။ Expansion Joint တွေနေရာမှာ အက်ကြောင်းတွေဖြစ်ပေါ်ခြင်းဖြစ်ပါတယ်။ လက်ရန်းတွေလည်း အလားတူပါပဲ။ လက်ရန်းတွေက လည်းပဲ Expansion အတွက် ချန်ထားရတဲ့ လက်ရန်းနေရာတွေဖြစ်ပါတယ်။ ဒီတံတားကြီးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအဖွဲ့ငွေလုံးငွေရင်းရန်ပုံငွေမှာ နှစ်လမ်းသွားသံကူ ကွန်ကရစ်တံတားအဖြစ်တည်ဆောက်နိုင်ဖို့အတွက် လျာထားတင်ပြတောင်းခံထားပြီးတော့ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်ခင်ဗျား။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်ချင်းဆက် အမှတ်(၄)လမ်းအား စီမံကိန်းရေးဆွဲပြီးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့သော်လည်း အဆိုပြုလမ်းအဆင့်သာ ဖြစ်နေ၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ၎င်းခရိုင်ချင်းဆက် အမှတ်(၄)လမ်းပိုင်းပေါ်ရှိ ကနီမြို့နယ်လမ်းအပိုင်း၌ ဂျင်းလမ်းအပိုင်းများပေါ်တွင် ကွန်ကရစ်လမ်း ခင်းခြင်းနှင့် မြေသားလမ်းအပိုင်းများပေါ်တွင် ဂျင်းမြေခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ခရိုင်ချင်းဆက် အမှတ်(၄)လမ်းနဲ့စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ စီမံကိန်းရေးဆွဲ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ၂၀-၅-၂၀၁၅ ရက်စွဲပါစာအမှတ် (၃/၄၀၀၀) /မွေးရေကျေး (၁၀၁၂/၂၀၁၅)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အဆိုပြုတင်ပြခဲ့သော်လည်း ခွင့်ပြုချက်ရရှိခြင်း မရှိသေးသဖြင့် အဆိုပြုလမ်းအဆင့်သာရှိကြောင်း သိရှိရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ အဆိုပြု အမှတ်(၄)လမ်းဟာ ကနီမြို့နယ်မှ ၁၉ မိုင်ခန့် ဖြတ်သန်းဖောက်လုပ်ထားတာဖြစ်ပြီးတော့

ကျောက်ချောလမ်း ၄ မိုင် ၆ ဖာလုံ၊ ဂျင်းလမ်း ၆ မိုင်၊ မြေသားလမ်း ၈ မိုင်ခန့်ရှိပြီး ဒေသခံပြည်သူများ အားကိုးအားထားပြုနေရတဲ့လမ်းလည်း ဖြစ်ပါတယ်။ ကျောက်ချောလမ်း ၄ မိုင် ၆ ဖာလုံဟာလည်း မြည်ကာမတ္တဖြစ်ပြီးတော့ ဂျင်းလမ်း၊ မြေသားလမ်းပိုင်းတွေကလည်း ကျေးရွာအလိုက်၊ ဒေသအလိုက် သူ့အပိုင်းနဲ့သူပြုပြင်ပြီးတော့ အသွားအလာဖြစ်အောင် ဆောင်ရွက်နေကြရတာဖြစ်ပါ တယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်ချင်းဆက် အမှတ်(၄) လမ်းအား စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး သို့ ၂၀၁၅ ခုနှစ်တွင် တင်ပြခဲ့သော်လည်း အဆိုပြုလမ်းအဆင့်သာဖြစ်နေ၍ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ၎င်းခရိုင်ချင်းဆက်အမှတ်(၄)လမ်းပိုင်းပေါ်ရှိ ကနီမြို့နယ်အပိုင်း၌ ဂျင်းလမ်းအပိုင်းပေါ်တွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေသားလမ်းအပိုင်းများ ပေါ်တွင် ဂျင်းမြေခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါသဖြင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်းချင်းဆက်လမ်း အမှတ်(၄)လမ်းအား စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၂၀၁၅ ခုနှစ်တွင် တင်ပြခဲ့သော်လည်း အဆိုပြုလမ်းအဆင့်သာဖြစ်နေ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ၎င်းလမ်းပိုင်းပေါ်ရှိ ကနီမြို့နယ်လမ်းအပိုင်း၌ ဂျင်းလမ်းအပိုင်းများ ပေါ်တွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေသားလမ်းအပိုင်းများပေါ်တွင် ဂျင်းမြေခင်းခြင်းလုပ်ငန်းများ ကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ မေးခွန်းရဲ့ ပထမအပိုင်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုတလင်၊ ကနီ၊ ဒီပဲရင်း၊ ရေဦး၊ တန့်ဆည်၊ ကျွန်းလှ၊ ပင်လည်ဘူး၊ ဗန်းမောက်၊ ဟုမ္မလင်းမြို့နယ်များနှင့် ကချင်ပြည်နယ်အတွင်းရှိ မိုးညှင်း၊ ဖားကန့်၊ ကာမိုင်း၊ မိုးကောင်းမြို့နယ်များကို ဖြတ်သန်းသွားမယ့် အရှည် ၄၁၁ မိုင်ခန့်ရှိတဲ့

အမှတ်(၄)ခရိုင်ချင်းဆက်လမ်းမကြီးကို ၂၀၁၀ ပြည့်နှစ်မတိုင်မီက ဖောက်လုပ်ဖို့လျာထားခဲ့တာဖြစ်သော်လည်းပဲ လတ်တလောမှာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစီအစဉ်မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ ကနီမြို့နယ်အတွင်း ကန်ကြီး-ပျင်တောာ-တပုန်း-ဝင်မနား-တောင်ပြင်လမ်းပိုင်းသည် ကန်ကြီးမှ ဝင်မနားအထိ ၁၁ မိုင်၊ ဝင်မနားမှ တောင်ပြင်အထိ ၁၁ မိုင် စုစုပေါင်း ၂၂ မိုင်ရှိပါတယ်။ အဆိုပါလမ်းပိုင်းသည် ဘုတလင်-ကနဲ-ကနီ လမ်းမကြီးနှင့် ဆက်သွယ်ထားသော လမ်းပိုင်းဖြစ်ပြီးတော့ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေး(၁)လမ်းစာရင်းတွင် ပါဝင်ပါသဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာ ၂၁ ရွာ၊ လူဦးရေပေါင်း ၂၀၀၀၀ ကျော်ကို တိုက်ရိုက် အကျိုးပြုမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ကြီး-ပျင်တောာ-တပုန်း-ဝင်မနားလမ်းပိုင်းအား ကျောက်လမ်း ၄ မိုင် ၆ ဖာလုံနှင့် ဂျင်းလမ်း ၆ မိုင် ၂ ဖာလုံဆောင်ရွက်ခဲ့ပြီး မြေသားလမ်း ၁၁ မိုင်ကို ဆက်လက်ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းအနေနဲ့ မေးပါရစေခင်ဗျ။ ကျွန်တော်တို့ ဒီလမ်းပိုင်းကို စီမံကိန်းရေးပြီးတော့ ဆောင်ရွက်ဖို့ရာ အစီအစဉ်မရှိသေးဘူးလို့ အခုဖြေသွားတဲ့အတွက် ဒီလမ်းပိုင်းနဲ့ပတ်သက်ပြီး နည်းနည်းလေးတင်ပြချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဆိုပြု ခရိုင်ချင်းဆက်အမှတ်(၄)လမ်းကို ကျွန်တော့်အနေနဲ့ စီမံကိန်းရေးပြီး အကောင်အထည်မဖော်နိုင်သည့်တိုင်အောင် ခုန ဝန်ကြီးတင်ပြသွားတဲ့ ဘုတလင်လမ်းပိုင်းက ဘုတလင်မြို့နယ်ကဖြစ်တဲ့ သခွတ်၊ သနယ်ကနေ သောင်ပြင်အထိ ကျွန်တော်တို့ ပွင့်လင်းရာသီမှာတော့ အများဆုံးအသုံးပြုနေတဲ့လမ်းဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလမ်းပိုင်းကို သခွတ်၊ သနယ်ကနေ သောင်ပြင်၊ သောင်ပြင်ကနေပြီးတော့ ကျွန်တော်တို့ ဒီ ကလေးဝ-ရေဦးလမ်းပိုင်းကို ချိတ်ဆက်ပေးလိုက်မယ်ဆိုရင် အဲဒီဒေသအတွက် အင်မတန်မှ တန်ဖိုးရှိမယ့်လမ်း ဖြစ်လာမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အထက်ပိုင်းတွေကို ချိတ်ဆက်လို့ရမယ့် ကွန်ယက်တစ်ခုဖြစ်သွားမယ်။ နောက်ပြီးတော့ နောက်ဆုံး ကလေးဝ၊ တမူးဘက်အထိ ချိတ်ဆက်လို့ရနိုင်တဲ့

အဲဒီဒေသအတွက် အလွန်အရေးပါတဲ့ လမ်းတစ်ခုဖြစ်လာနိုင်တာဖြစ်တဲ့အတွက် အဲဒီလိုင်းပိုင်းကို တစ်ခုလုံးကို စီမံကိန်းတစ်ခုအနေနဲ့ ဆောင်ရွက်မပေးနိုင်သည့်တိုင်အောင် တောင်ဘက်ပိုင်းမှာရှိတဲ့ သခွတ်၊ သနယ်၊ သောင်ပြင်ကနေပြီးတော့ ခုနကျွန်တော်ပြောတဲ့ ကလေး၀-ရေဦးလမ်းပိုင်းကို ချိတ်ဆက်ပေးနိုင်ဖို့ရာ အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမှတ်(၄)ခရိုင်ချင်းဆက်လမ်းကြီးကို Planning ဆိုတာကတော့ ရှိပြီးဖြစ်ပါတယ်။ ဒီ Planning က လတ်တလောဆောင်ရွက်မပေးနိုင်တာလေးပဲရှိပြီးတော့ ဒီဟာသည် Project Bank ထဲမှာတော့ Earmarked အနေနဲ့ ဝင်သွားမှာဖြစ်ပါတယ်။ ဆိုလိုတာကတော့ လတ်တလောမှာ ကျွန်တော်တို့ လမ်းစာရင်းအရ ကီလိုမီတာ လေးသောင်းကျော်ရှိတဲ့အနက်မှာ ကျွန်တော်တို့သည် ဒီလေးသောင်းကျော်လုံးဟာ ကွန်ကရစ်လမ်းအဆင့် မရောက်သေးပါဘူး။ တချို့ မြေသားလမ်းတွေဟာ 40 Percent လောက် ကျန်နေပါသေးတယ်။ ဥပမာအားဖြင့်ပြောရလို့ရှိရင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ် စတဲ့ပြည်နယ်တွေမှာရှိတဲ့၊ နယ်စပ်တွေမှာရှိတဲ့လမ်းပိုင်းတွေဟာ ကတ္တရာလမ်းအဆင့် မရောက်သေးပါဘူး။ ဒါကြောင့်မို့လို့ ဒီလမ်းပိုင်းတွေကို ဦးစားပေးပြီး ကျွန်တော်တို့က ကတ္တရာလမ်းအဆင့်ထိရောက်အောင် ဥပမာအားဖြင့်ပြောရလို့ ရှိရင် ကချင်ပြည်နယ်မှာဆိုရင် ယခင်က သုံးညအိပ်၊ လေးညအိပ်လောက်သွားခဲ့ရတဲ့ ပူတာအို၊ နောင်မွန်း၊ ပန်နန်းတင်ဆိုရင် လေးညအိပ်လောက်သွားရတယ်။ အခုဆိုရင် နေ့ချင်းပြန်ခရီးသွားလို့ ရတဲ့အဆင့် ရောက်ပါပြီ။ အဲဒီလမ်းအပိုင်းကို ကျွန်တော်တို့က ကတ္တရာလမ်းအဆင့်ထိ ဆက်မြှင့်သွားပါမယ်။ ပြီးရင် ပန်နန်းတင်ကနေပြီးတော့ ဂူဘားထိကိုတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက အခုဖောက်နေပါပြီ။ ဂူဘားဆိုရင် ခါကာဘိုရာဇီတောင်ခြေရောက်သွားပါမယ်။ တစ်နှစ်ပတ်လုံး ကျွန်တော်တို့ ရေခဲတောင်တွေမြင်ရတဲ့အခြေအနေရောက်ပါပြီ။ အဲဒီဂူဘားထိမရောက်သေးခင် ဒသုခအထိကို အရင်ရောက်ပြီးရင် ကျွန်တော်တို့က အဲဒီအထိကို ပူတာအိုကနေ နေ့ချင်းပေါက်ခရီးသွားနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆိုလိုတာက နမူနာလေးပြောပြခြင်းဖြစ်ပါတယ်။ အလားတူ ကျွန်တော်တို့ ဦးစားပေးရမယ့်လမ်းပိုင်းတွေများနေသေးတဲ့အတွက် အမှတ်(၄)ခရိုင်ချင်းဆက်လမ်းကြီးဟာ လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ်မရှိတာပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ အခု ကိုယ်စားလှယ်တော်ကြီးပြောတဲ့ ဘုတလင်-သောင်ပြင်အပိုင်းကနေ ကလေး၀-ရေဦး

လမ်းအပိုင်းကို ဆက်စပ်ဖို့ ဒီလမ်းပိုင်းကိုတော့ ကျွန်တော်တို့ ကွင်းဆင်းတိုင်းတာ သွားလိုက်ပါမယ်။ သွားပြီးတော့ကျမှ ဖြစ်နိုင်ဖွယ်ရှိတဲ့ အတိုဆုံးလမ်းကြောင်းရှိတယ်ဆိုရင်တော့ အဲဒီအတိုဆုံး လမ်းကြောင်းကို Act First ဆောင်ရွက်ပြီးတော့ လာမယ့်နှစ်တွေမှာ ရန်ပုံငွေထည့်ပြီးတော့ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဒေါ်ခင်နှင်းသစ်အား အဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ အဆိုတစ်ရပ်တင်သွင်းလိုပါတယ်။ အဆိုမှာ မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအားဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ် တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားကြောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံသည် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်လျှော့ချရေးလုပ်ငန်းစဉ်များကို နည်းပေါင်းစုံဖြင့်ဆောင်ရွက်လျက်ရှိရာ ဆယ်စုနှစ် များစွာကျော်ဖြတ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ထိုကဲ့သို့ မူးယစ်ဆေးဝါးပြဿနာလျှော့ချရာတွင် ပိုမို ထိရောက်ပြီး ရေရှည်တည်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ပြည်သူလူထုပူးပေါင်းပါဝင်မှု

သည် အဓိကအခန်းကဏ္ဍတွင်ရှိနေသလို လိုအပ်ချက်လည်းဖြစ်ပါတယ်။ ယခုအဆိုမှာ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်နိုင်ခြင်းရဲ့ အရင်းအမြစ်ဖြစ်တဲ့ ဘိန်းစိုက်ပျိုးမှုကို အပြီးတိုင်လျှော့နည်း ချုပ်ငြိမ်းသွားရန် ရည်ရွယ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အဆို၏လိုအပ်သည့်နေရာများတွင် Power Point ဖြင့် ဆက်လက်တင်ပြခွင့် ပြုပါ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့များတွင် လွှတ်တော်၏ခွင့်ပြုချက်ဖြင့် နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်လျှော့ချရေးဆိုင်ရာ လူထု တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပါတယ်။ အဆိုပါတွေ့ဆုံပွဲမှ တွေ့ရှိချက်အပေါ်အခြေခံ၍ ယခုအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ အဆိုတွင်ပါဝင်သော အဓိကအချက်များအား ဖော်ပြထားခြင်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးတွင် လုပ်ငန်းစဉ်နှစ်ခုပါဝင်ပြီး ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှု ပပျောက်ရေးတို့ဖြစ်ပါတယ်။ ထုတ်လုပ်မှုပပျောက်ရေးတွင် မူးယစ်ဆေးဝါး၏ အရင်းအမြစ်ဖြစ်သော ဘိန်းစိုက်ပျိုးမှုကို တားဆီးနှိမ်နင်းရန်အတွက် ဘိန်းအစားထိုးစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဖြစ်ပါ တယ်။ ကမ္ဘာတွင် အာဖကန်နစ္စတန်နိုင်ငံပြီးလျှင် မြန်မာနိုင်ငံသည် ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံး ဖြစ်ပြီး တစ်ကမ္ဘာလုံးဘိန်းထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်းကို မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်လျက် ရှိပါတယ်။ တစ်နိုင်ငံလုံး၏ဘိန်းစိုက်ပျိုးမှု ၉၀ ရာခိုင်နှုန်းကိုတော့ ရှမ်းပြည်နယ်မှ စိုက်ပျိုးခြင်းဖြစ်ပြီး ကမ္ဘာ့လူသားတစ်ရပ်လုံးနှင့် နိုင်ငံအသီးသီးကို ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးပြဿနာတွေဟာ မြန်မာနဲ့ပတ်သက်နေမှု ဖြစ်ပါတယ်။

မြန်မာ့အခြေအနေနှင့် မြန်မာ့ပြဿနာများကို ဆက်လက်ဖော်ပြပါမယ်။ ယခုအခါ ပြည်နယ် အချို့ရှိ မြို့နယ် ၅၁ မြို့နယ်တွင် ဘိန်းစိုက်ပျိုးနေခြင်း ထိုမှတစ်ဆင့် မူးယစ်ဆေးဝါးထုတ်လုပ်ကာ လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့ဖြင့် မြန်မာ့လူငယ်ထု အတွင်းသို့ အသွင်သဏ္ဌာန်မျိုးစုံဖြင့် ပျံ့နှံ့လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးမှုခင်းတွေကလည်း တစ်နှစ် ထက်တစ်နှစ် ပိုတိုးလာသလို ပြစ်ဒဏ်ကျခံနေရသူများ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ မူးယစ်ဆေးဝါးမှုများ ဖြစ်တဲ့အပြင် အများစုမှာ လူငယ်များဖြစ်နေပါတယ်။ ဒါ့အပြင် နှစ်ရှည်ထောင်ကျခြင်း၊ ပြန်လည် ထူထောင်ရေးလုပ်ဆောင်ပေးရခြင်းတို့ကြောင့် တိုင်းပြည်ဘဏ္ဍာများလည်း လွန်စွာဆုံးရှုံးလျက်ရှိနေ ပြန်ပါတယ်။ အဓိကဆုံးရှုံးမှုကြီးမှာ လူသားအရင်းအမြစ်ဖြစ်ပြီး အမျိုးသားရေးပြဿနာတစ်ရပ်အနေ ဖြင့် ထိရောက်စွာနှိမ်နင်းရန်လိုအပ်လျက်ရှိပါတယ်။

**မူကြမ်း**

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးရခြင်း၏ အကြောင်းတရာများအား လေ့လာတွေ့ရှိချက်တို့ ဖြစ်ပါတယ်။ နယ်မြေငြိမ်းချမ်းမှုမရှိခြင်းနှင့် လုံခြုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ တရားဥပဒေစိုးမိုးမှုနည်းခြင်း၊ ဒေသခံပြည်သူများဝင်ငွေနည်းပါးခြင်း၊ အခြားဘဝရပ်တည်မှုရနိုင်မည့် လုပ်ငန်းများမရှိခြင်း၊ ရာသီဥတုပထဝီအနေအထားများက ဘိန်းစိုက်ရန်ပံ့ပိုးနေခြင်း၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးသော်လည်း ဈေးကွက်မရှိမှု၊ တွက်ခြေမကိုက်မှု၊ စရိတ်ကြီးမားမှုတို့ကို ရင်ဆိုင်နေရခြင်း တို့ကြောင့် ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မြို့နယ် ၅၁ မြို့နယ်တွင် ဘိန်းစိုက်ပျိုးခြင်း နှင့် သက်ဆိုင်သည့်မြေပုံကို ပြသထားခြင်းဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ဘိန်းစိုက်ပျိုးခြင်းအား ပြသထားသောအခြေအနေတို့ ဖြစ်ပါတယ်။ ဖော်ပြပါရာခိုင်နှုန်းနှင့် ဖော်ပြပါ ပမာဏတို့ကို စိုက်ပျိုးနေခြင်းဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်တွင် ဘိန်းစိုက်ပျိုးနေသည့် မှတ်တမ်းဓာတ်ပုံ များဖြစ်ပါတယ်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များရှိ တောင်ကုန်းတောင်တန်းထူထပ်သည့် နယ်မြေများတွင် ဘိန်းစိုက်ပျိုးမှုလည်း ထူထပ်လျက်ရှိပါတယ်။ ခန့်မှန်းခြေ ဘိန်းစိုက်အိမ်ထောင်စု ပေါင်း ၃၀၀၀၀၀ ခန့်ရှိပြီး ရှမ်းပြည်နယ်တွင် ဘိန်းပင်များကို စီးပွားဖြစ်အဓိကထား စိုက်ပျိုးနေကြပြီး အိမ်ထောင်စု ၁၀ စုအနက် တစ်စုသည် ဘိန်းစိုက်ပျိုးမှုတွင် ပတ်သက်နေကြောင်း လေ့လာသိရှိရပါ တယ်။

မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် ချမှတ်ထားသော မူဝါဒများဖြစ်ပြီး နယ်စပ်ဒေသ နှင့်တိုင်းရင်းသားလူမျိုးများ၏ ဘဝတိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှု တစ်စတစ်စချုပ်ငြိမ်း ရေး၊ ထုတ်လုပ်မှုပပျောက်ရေး၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးတို့၏ စီးပွားရေးနှင့် လူမှုဘဝ တိုးတက်မြင့်မားရေးတို့လည်း ပါဝင်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ရဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရန်နှင့်ပတ်သက်ပြီး လမ်းညွှန်မှာကြားချက်များ၊ လုပ်ဆောင်ချက်များအား ဖော်ပြထားခြင်းဖြစ်ပါတယ်။ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားဦးတည်ချက်၏ အချက်(၃) တွင်လည်း ယခင်နှစ်များနှင့်မတူဘဲ မျိုးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာတားဆီးကာကွယ်ရေး ဆိုတဲ့အချက် ပါဝင်လာကြောင်း တွေ့ရှိနိုင်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်လျှော့ပါးရေးအတွက် နိုင်ငံတော်မှ သုံးစွဲနေသည့် ဘတ်ဂျက်အားလေ့လာရာတွင် ဖော်ပြပါအတိုင်း ၂၀၁၆-၂၀၁၇ ခုနှစ် တွင်တစ်ခု၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင်တစ်ခုသာရှိပြီး ဘိန်းအစားထိုးဆောင်ရွက်သည့် ကိစ္စအတွက် မပါဝင်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၉ ခုနှစ်သည် စီမံကိန်းကာလဖြစ်သော်လည်း ဘတ်ဂျက်သုံးစွဲ နိုင်မှုမှာ အလွန်နည်းနေကြောင်းကိုလည်း ထောက်ပြလိုပါတယ်။

**မူကြမ်း**

အဆိုရဲ့အဓိကမီးမောင်းထိုးပြလိုတဲ့ ဖော်ပြချက်ဖြစ်ပါတယ်။ ၁၉၉၆ မှ ၂၀၁၈ ခုနှစ်အတွင်း ၂၀၀၆ ခုနှစ်သည် ဘိန်းစိုက်ပျိုးမှုအနည်းဆုံးထိ ရောက်ရှိခဲ့သော်လည်း ရေရှည်မခံဘဲ နောင်နှစ်များတွင် ပြန်လည်မြင့်တင်သွားတာ တွေ့ရှိနိုင်ပါတယ်။ ဒါကြောင့် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့တွင် စိုက်ပျိုးမှုလျော့နည်းလာသည်ကို တွေ့ရှိရသော်လည်း ပြန်လည်မြင့်တက်မလာအောင် ရေရှည်လျော့နည်းခြင်းဖြစ်အောင် ထိုမှတစ်ဆင့် အပြီးတိုင်ချုပ်ငြိမ်းပပျောက်အောင် ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ ကုလသမဂ္ဂနှင့် ပြည်ပနိုင်ငံအဖွဲ့အစည်းများမှ ရှမ်းပြည်နယ်ရှိ မြို့နယ်ငါးခုတွင်သာ ဘိန်းအစားထိုးစိုက်ပျိုးရေးစီမံကိန်းများ ဆောင်ရွက်နေကြောင်း ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ထိုင်းနိုင်ငံတွင် ဘိန်းအစားထိုးဆောင်ရွက်ခြင်းကို ဥပမာအနေဖြင့် ဖော်ပြထားချက်ဖြစ်ပြီး ဘိန်းထုတ်လုပ်မှုနှစ်စဉ်လျော့နည်းလာကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဘိန်းစိုက်ပျိုးမှုပပျောက်ရန် ဥပဒေအရ ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းများ၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်း၊ ဘိန်းစိုက်တောင်သူများဘဝ ရပ်တည်နိုင်အောင် လိုအပ်သောထောက်ပံ့ပေးခြင်း၊ အမျိုးသားရေးစီမံချက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ပညာပေးဆောင်ရွက်မှုများ ပြုလုပ်ပေးသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဘိန်းစိုက်တောင်သူဆိုတာ မိရိုးဖလာလုပ်ငန်းဖြစ်တဲ့အတွက် နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့ခြင်းကြောင့် ၎င်းတို့ရဲ လူမှုစီးပွားဘဝလို့လည်း ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ဒီဘိန်းစိုက်ပျိုးမှုဟာ ဥပဒေနှင့်မညီညွတ်ဘူး။ နိုင်ငံ့ဂုဏ်သိက္ခာကို များစွာထိခိုက်သလို နိုင်ငံသားတွေအတွက်လည်း ကြီးမားတဲ့အန္တရာယ်ဖြစ်စေခြင်းကြောင့် မစိုက်ရဘူးဆိုရင် မြို့နယ်ပေါင်း ၅၁ မြို့နယ်မှာရှိတဲ့ ဘိန်းစိုက်မိသားစု ၃၀၀၀၀၀ လောက်နဲ့ ဘဝရပ်တည်မှုအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးရပါလိမ့်မယ်။ ဒါကြောင့် ဒီကြီးမားတဲ့စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်ဖို့ဆိုရင် မှန်ကန်တဲ့ စီမံခန့်ခွဲမှုအပြင် လက်တွေ့ကျကျ ပြောင်းလဲနိုင်တဲ့အခြေအနေတစ်ရပ်ကိုလည်း အရှိန်အဟုန်နဲ့ ဖန်တီးပေးဖို့လိုပါလိမ့်မယ်။ ဥပမာအနေနဲ့တင်ပြရရင် ကျွန်မတို့မြန်မာနိုင်ငံကြီးကို နိုင်ငံရေးစနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ ကူးပြောင်းနေတဲ့ ယခုလိုအသွင်းကူးပြောင်းရေးကာလမှာ ပြည်တွင်းအကူအညီအပြင် ပြည်ပအကူအညီတွေ လိုအပ်လို့ရယူနေရသလိုပါပဲ။ ဘိန်းစိုက်တောင်သူတွေရဲ့ လူမှုစီးပွားဘဝများစွာကို ပြောင်းလဲရမှာဖြစ်လို့ ဒီရည်ရွယ်ချက်ကြီးတစ်ခုကို အောင်မြင်ဖို့ဆိုရင် အစိုးရဘတ်ဂျက်လိုအပ်သလောက်မသုံးနိုင်တဲ့ အခုလိုအခြေအနေမျိုးမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့ လူအင်အားကိုထည့်သုံးနိုင်ဖို့ ဖြစ်ပါတယ်။ ဒါမှသာ ဘိန်းစိုက်ဒေသတွေမှာ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ

တိုးတက်လာပြီး ဘိန်းစိုက်တောင်သူတွေရဲ့ နိုင်ငံသားအခွင့်အရေးတွေ တိုးရလာမယ်။ မူးယစ်ကင်းစင်တဲ့ လူ့ဘောင်ဖြစ်လာပြီး ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိစွာနဲ့ ရပ်တည်နိုင်မည့်နိုင်ငံဖြစ်လာပြီး စတဲ့ နောက်ဆက်တွဲ ကောင်းကျိုးများပါ ရရှိနိုင်မှာဖြစ်လို့ ကျွန်မ၏အဆိုအား ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်နှင်းသစ် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမည့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် တင်သွင်းခဲ့တဲ့အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးနိုင်ရန်အတွက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုမှာ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်လျှော့ချရေးထဲမှ ဘိန်းစိုက်ပျိုးရာ ဒေသများတွင် ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားကြောင်းအဆိုဖြစ်တဲ့အတွက် ကျွန်မတို့နိုင်ငံနှင့် နိုင်ငံသားများအတွက် မည်မျှအရေးကြီးတဲ့အဆိုဖြစ်ကြောင်း ထောက်ပြလိုပါတယ်။ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တို့ဟာ မူးယစ်ဆေးဝါးအန္တရာယ်လျှော့ပါးရေးအတွက် ဆောင်ရွက်ခဲ့တဲ့အပြင် ၁၉၉၃ ခုနှစ်မှာလည်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်နေခဲ့သော်လည်း တစ်ကမ္ဘာလုံးရဲ့ဘိန်းထွက်ရှိမှု လေးပုံတစ်ပုံဟာ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ စတဲ့သုံးနိုင်ငံဆုံရာဒေသဖြစ်တဲ့ ရွှေတြိဂံဒေသကထွက်တယ်လို့ နိုင်ငံတကာကသုံးသပ်မှု များလည်း ရှိနေပါတယ်။ ယခု ၂၀၁၉ ခုနှစ်၊ မတ်လအတွင်းမှာပဲ ထိုင်းနိုင်ငံတပ်ဖွဲ့ရဲ့ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုသတင်းစာရှင်းလင်းပွဲမှာ ပြီးခဲ့တဲ့နှစ်နှစ်အတွင်း ထိုင်းနိုင်ငံကဖမ်းမိခဲ့တဲ့ မယ်သာဖက်တမင်းမူးယစ်ဆေးပမာဏ ၁၀ ဆကျော် မြင့်တက်ခဲ့တဲ့အတွက် ဒီမူးယစ်ဆေးဝါးအဓိကဝင်ရောက်နေတဲ့ မြန်မာနိုင်ငံရဲ့မူးယစ်ဆေးဝါးထုတ်လုပ်မှု ဘယ်လောက်မြင့်မားနေတယ်ဆိုတာညွှန်ပြနေတယ်လို့ Rader သတင်းဌာနက ဖော်ပြထားပါတယ်။ အဲဒီမူးယစ်ဆေးတွေဟာ မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံတို့မှ အာရှ၊ ပစိဖိတ် ဒေသကိုဖြတ်သန်းပြီး တောင်ကိုရီးယားနိုင်ငံကနေ နယူးဇီလန်နိုင်ငံကြားမှာရှိတဲ့နိုင်ငံတွေအထိ ရောက်သွားကြောင်းပါရှိတဲ့အတွက် နိုင်ငံ့ဂုဏ်သိက္ခာများစွာထိခိုက်လျက်လည်းရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုအခါမှာ ပြည်တွင်းမှာလည်း မူးယစ်ဆေးဝါးပြဿနာကို သုံးသပ်ကြည့်မယ်ဆိုရင် ကျွန်မတို့ ကရင်ပြည်နယ်၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ သုံးလအတွင်းမှာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆောင်ရွက်တဲ့အမှုက ၈၄ မှု၊ တရားခံတွေက ၁၁၅ ဦး၊ မူးယစ်ဆေးတန်ဖိုးက ၅၄၄၁ သိန်း ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာလည်း တစ်နိုင်ငံလုံးရဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၁၃၀၀၀ ကျော်အထိရှိခဲ့ပြီး ၂၀၁၇ ခုနှစ်က ၈၀၀၀ သာဖမ်းမိခဲ့၍ ၂၀၁၈ ခုနှစ်မှာ အမှုအရေအတွက်၊ တရားခံအရေအတွက် ပိုမိုများပြားလျက်ရှိပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးပြဿနာဟာ အမျိုးသားရေးပြဿနာဖြစ်လို့ အဓိကဖြေရှင်းရမယ့်အမှုကြီး ဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်တဲ့ ဘိန်းစိုက်ပျိုးမှုအပိုင်းမှာလည်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးအဖွဲ့(UNODC)နဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်းမှာ ဘိန်းစိုက်ပျိုးမှုကိုလည်း တိုင်းတာခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ဟက်တာ ၁၀၀၀၀၀ ကျော်ကနေပြီး တဖြည်းဖြည်း နှစ်အလိုက်လျော့နည်းလာခဲ့ရာက ၂၀၀၆ ခုနှစ်မှာ ဟက်တာ ၂၀၀၀၀ ကျော်နှင့် အနည်းဆုံးဖြစ်ခဲ့ပါ တယ်။ ဒါပေမဲ့ ၂၀၀၇ ခုနှစ်ကစတင်ပြီး စိုက်ပျိုးမှုတွေမြင့်တက်ခဲ့ရာမှာ ၂၀၁၅ ခုနှစ်ထိဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ ဟက်တာ ၄၁၀၀၀ ကနေပြီး ၂၀၁၈ ခုနှစ်မှာ ၃၇၃၀၀ ထိ ကျဆင်းလာခဲ့ပါတယ်။ ဒါကြောင့် ဘိန်းစိုက်ပျိုးမှုလျော့နည်းလာမှုဟာ နှစ်စဉ်ကျဆင်းရာမှာ ရေရှည်ဖြစ်ပြီးတော့ နောက်ဆုံးမှာပပျောက်စေသည်အထိ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ဘိန်းစိုက်ပျိုးထုတ်လုပ်နေတဲ့ဒေသတွေမှာ ကျွန်မတို့ရဲ့ တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဝေးလံခေါင်ဖျားဒေသများပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ကရင်ပြည်နယ်မှာ သုံးမြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်းမှာ မြို့နယ် ၄၀၊ ကချင်ပြည်နယ်မှာ ခြောက်မြို့နယ်၊ ချင်းပြည်နယ်မှာ နှစ်မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်လည်း ဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးကြတယ်ဆိုတာကလည်း စားဝတ်နေရေးပြေလည်ဖို့၊ စီးပွားရေးနဲ့ဆက်စပ်နေတဲ့ကိစ္စတွေဖြစ်လာတာဟာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီလည်း ဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလျော့ကျနိုင်အောင်ဆိုရာမှာ ငြိမ်းချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ နည်းပညာပိုင်းတို့ လိုအပ်ချက်များအတွက် အစိုးရပိုင်းမှ ကူညီပံ့ပိုးရမှာ ဖြစ်ပါတယ်။ ဘတ်ဂျက်လိုအပ်မှုအတွက်တော့ အဆိုရှင်တင်ပြခဲ့သလို ပုဂ္ဂလိကလုပ်ငန်းရှင်များကိုဖိတ်ခေါ်ပြီး အင်နဲ့အားနဲ့ဆောင်ရွက်ကြမှသာလျှင် နှစ်ပေါင်းများစွာ ဘဝရပ်တည်မှုဖြစ်ခဲ့တဲ့ ဘိန်းစိုက်တောင်သူများဟာ ဘိန်းမစိုက်နိုင်တဲ့အခြေအနေကို ရောက်ရှိမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ ယခုအဆိုနှင့် ဆက်စပ်နေတဲ့အကြောင်းတရားများကိုလည်း တင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်မှာ ခေါင်လန်ဖူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဝေးလံခေါင်ဖျား တိုင်းရင်းသားဒေသများမှာ ဖွံ့ဖြိုးတိုးတက်ဖို့ စီမံကိန်းများချမှတ်ဆောင်ရွက်ရေးအဆိုကို အတည်ပြု ထားပါတယ်။ ယခုအဆိုမှာပါတဲ့ ဘိန်းစိုက်ပျိုးတဲ့ဒေသဆိုရာမှာလည်း ဝေးလံခေါင်ဖျားတဲ့ တိုင်းရင်း သားဒေသများပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့မူဝါဒမှာလည်း တိုင်းရင်းသားအရေးနဲ့ ငြိမ်းချမ်းရေးဟာ အဓိကပါဝင်ပါတယ်။ ယခုအဆိုမှာပါတဲ့ ဘိန်းစိုက်ပျိုးတဲ့ဒေသဟာ တိုင်းရင်းသားများမှ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့လိုအပ်တဲ့ဒေသများဖြစ်ပြီး တရားဝင်နည်းများနဲ့ ဘဝရပ်တည်လို့မရလို့ သားစဉ်မြေးဆက် ဘိန်းစိုက်ပျိုးနေကြရတာ ဖြစ်ပါတယ်။ တရားဝင်ဘဝရပ်တည်မှုမျိုး ဖြစ်စေဖို့ ဘိန်းကိုမစိုက်စေချင်ဘူးဆိုရင် ဘဝရပ်တည်မှုရအောင် ဝိုင်းဝန်းဖန်တီးပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်းပြီး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ(၁၇)ချက်ကိုလည်း ၂၀၃၀ ခုနှစ်အမီ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဝေးလံ ခေါင်ဖျားဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာဒေသများ မကျန်ခဲ့ဖို့ လိုအပ် ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်လျော့ပါးရေးဟာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တာနဲ့အညီ မူးယစ်ဆေးဝါးရဲ့အရင်းအမြစ်ဖြစ်တဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို လုံးဝဖြတ်တောက်ဖို့ လိုအပ်ပါတယ်။ ဘိန်းစိုက်ဒေသမှာ ဘိန်းအစားထိုးစီမံကိန်းဆောင်ရွက်ဖို့ အစိုးရရဲ့ဘတ်ဂျက်က ထိရောက်စွာ ဆောင်ရွက်ဖို့ အခက်အခဲဖြစ်နေချိန်မှာ အဆိုရှင်တင်သွင်းခဲ့သလို စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအားဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်း များ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကြီးမှ လက်ခံဆွေးနွေးပေးပါရန် ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပန်းတောင်းမဲဆန္ဒနယ်မှ တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံ ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်ခင်နှင်းသစ် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသော မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃-၅-၂၀၁၉ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး နည်းပညာအထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ချိုချိုအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဖြစ်ပြီး ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက် Global Supply Chain တွင်

ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး နည်းပညာအထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုကို တင်သွင်းရတဲ့ရည်ရွယ်ချက်ကတော့ ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စက်မှုလုပ်ငန်းများပေါ်ပေါက်လာရန် မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက် Global Supply Chain သို့ ဝင်ရောက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို လျင်မြန်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ရပ်တန့်သလိုဖြစ်နေတဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောငွေကြေး နည်းပညာ၊ အထောက်အပံ့တို့ကို ချောမွေ့လွယ်ကူစွာပေးနိုင်ရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသူများ ကြုံတွေ့နေရတဲ့အခက်အခဲများ အချိန်ကြန့်ကြာပြီး လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု နှောင့်နှေးစေတဲ့၊ တင်းကြပ်စေတဲ့ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ ရှုပ်ထွေးလှတဲ့ Process များကို ဖြေလျှော့ပေးနိုင်ရေး၊ နိုင်ငံတော်ရဲ့မူဝါဒဖြစ်တဲ့ တိုင်းပြည်စီးပွားရေးတိုးတက်စေရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် နိုင်ငံတော်အနေဖြင့် ဝင်ကူလိုက်ရင်ဖြင့် အခြေအနေကောင်းမွန်လာပြီး တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေနိုင်ဖို့လို့အတွက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ရဲ့စီးပွားရေးတိုးတက်စေဖို့ရန်အတွက် အစိုးရအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာမှာ ဝင်လာတွေရှိသလို မဝင်တာတွေလည်းရှိနေပါတယ်။ တိုင်းပြည်ရဲ့ Supply Chain အခွင့်အလမ်းများတိုးတက်လာမှုက FDI များစုပေါင်းဝင်ရောက်လာမှုရဲ့ လှုံ့ဆော်မှုကြောင့်ဖြစ်ပြီး တည်ငြိမ်တဲ့စီးပွားရေးဝန်းကျင်ကောင်း၊ ငယ်ရွယ်သော လူ့စွမ်းအားအရင်းအမြစ်၊ ကဏ္ဍအလိုက်သက်သာသော ထုတ်လုပ်မှု ကုန်ကျစရိတ်များသည် FDI များဝင်ရောက်လာစေရေးကို အထောက်အကူပြုပါတယ်။ FDI များသည် လုပ်အားအခြေပြုကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍဖြစ်တဲ့ IT ပစ္စည်းများ၊ အီလက်ထရောနစ်စနစ် အသုံးအဆောင်ပစ္စည်းများတို့ပါ ဝင်ရောက်လာနိုင်တာကြောင့် တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ အလျင်အမြန်ကျယ်ပြန့်လာသော်လည်း အမျိုးမျိုးသောကုန်ထုတ်လုပ်မှု သွင်းအားစုများ၊ ကုန်ကြမ်းများထုတ်လုပ်တဲ့ အထောက်အကူပြု စက်မှုလုပ်ငန်း (Supporting Industry)အားနည်းစေဆဲဖြစ်တာကြောင့် စက်မှုလုပ်ငန်းသွင်းအားစုထုတ်လုပ်တဲ့ Suppliers များဟာ ကုန်ကျစရိတ်သက်သာတဲ့ ပစ္စည်းများနဲ့ Logestic ကောင်းမွန်တဲ့နိုင်ငံများမှာ

ရင်းနှီးမြှုပ်နှံရန် ပိုမိုစိတ်ဝင်စားပြီး စဉ်းစားရွေးချယ်လာကြပါတယ်။ FDI များစွမ်းဆောင်တဲ့ အခိက အချက်မှာ သက်သာသောထုတ်လုပ်မှု လုပ်အားစရိတ်ရှာဖွေနေသော ကုန်ထုတ်လုပ်သူများကို အခိက စွမ်းဆောင်ခြင်းဖြစ်တဲ့အတွက် ယနေ့အထိ နိုင်ငံအနေဖြင့် အထောက်အပံ့စက်မှုလုပ်ငန်းများ မဖွံ့ဖြိုး သေးခြင်း၊ ကျွမ်းကျင်လုပ်သားနှင့် နည်းပညာရှင်များအားနည်းခြင်း၊ ကျယ်ပြန့်သောထုတ်ကုန်အမျိုးမျိုး သည် ပြည်ပမှာတင်သွင်းမှုအပေါ် မှီခိုနေဆဲဖြစ်တာတွေကြောင့် FDI များဝင်ရောက်လာမှုကို အားနည်းစေပါတယ်။ ထို့အတွက်ကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းများရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်တဲ့ SME နဲ့ MSME လုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရန် အရေးကြီးသလို အဆိုပါလုပ်ငန်းများ သည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အများစုဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖန်တီးပေးနိုင်တဲ့ လုပ်ငန်းများဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ စီးပွားရေးလုပ်ငန်းတစ်ခု တိုးတက်စေဖို့ရန်အတွက် ကုန်ထုတ်အင်အားစုများ ဖြစ်တဲ့ မြေယာ၊ လုပ်အား၊ အရင်းအနှီးများလိုအပ်ရာမှာ နိုင်ငံအတွင်း မြေယာကလည်း ဈေးအတန်ငယ်ကြီးများနေခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးနေခြင်းနှင့် လုပ်ငန်းတိုးချဲ့လိုလျှင်လည်း ကိုယ်ပိုင်အရင်းအနှီးမလုံလောက်ခြင်းတို့ကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်လို့နေပါတယ်။ ထို့အတွက် ကြောင့် နိုင်ငံတော်မှ သက်သာသောနှုန်းဖြင့် မြေကြီးများငှားရမ်းပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ အရည်အသွေးမြှင့်တင်တဲ့ သင်တန်းတွေဖွင့်လှစ်ပေးခြင်း၊ ပြည်ပမှလာရောက်လုပ်ကိုင်တဲ့ ကျွမ်းကျင် လုပ်သားများနှင့်တန်းတူ ပြည်တွင်းရှိကျွမ်းကျင်လုပ်သားများအားလည်း အလုပ်ခွင်မှာစိတ်ပါဝင်စားစွာ လုပ်ဆောင်နိုင်ရေးအတွက် ထိုက်သင့်သောလစာ၊ အကျိုးခံစားခွင့်များရသင့်ရထိုက်သော အခွင့်အရေး များကိုလည်း ပေးသင့်ပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် ငွေကြေးအလုံအလောက် ရှိတဲ့၊ ခိုင်မာတောင့်တင်းတဲ့ လုပ်ငန်းကြီးအရေအတွက်မှာ နည်းပါးပြီး လုပ်ငန်းအများစုမှာ ငွေကြေး လိုအပ်မှုတွေများစွာရှိနေပါတယ်။ ထို့အတွက်ကြောင့် နိုင်ငံတော်မှ SME နဲ့ MSME လုပ်ငန်းများကို သက်သာသောအတိုးနှုန်းဖြင့် အရင်းအနှီးရရှိရန် ကူညီဆောင်ရွက်ပေးသင့်ပါတယ်။ ယခုလက်ရှိ အခြေအနေမှာ JICA ချေးငွေ Two Step Loan MEP တို့မှ ချေးငွေပေးခြင်းများရှိနေသလို ပုဂ္ဂလိက ဘဏ်များမှလည်း ချေးပေးခြင်းများလည်း ရှိနေပေမဲ့ SME ကတ်ရှိသော်လည်း တင်းကြပ်တဲ့စည်းကမ်း ချက်တွေကြောင့် ပကတိမြေပြင်အခြေအနေမှာ ချေးငွေရရှိရေးတွေဟာ စိတ်ပျက်မှုများအဖြစ်သာ အဆုံးသတ်နေရကြောင်း SME လုပ်ငန်းရှင်များရဲ့ ပြောကြားချက်အရ သိနေရပါတယ်။ အတိုးနှုန်း အနေနဲ့လည်း ပြင်ပမှအတိုးနှုန်းနဲ့နှိုင်းယှဉ်ရင်တော့ အနည်းငယ်သက်သာမှုရှိပေမဲ့ လုပ်ငန်းရှင်များ

အတွက် လုပ်ငန်းလုပ်ဆောင်ရေးအတွက် ကြီးမားတဲ့အတိုးနှုန်းဖြစ်လို့နေရပါတယ်။ ထို့အတွက်ကြောင့် SME ချေးငွေကိုအားပေးတဲ့အနေဖြင့် အခြားဘဏ်ချေးငွေများနည်းတူ အတိုးနှုန်းမယူဘဲ သက်သာသောအတိုးနှုန်းဖြင့် ချေးပေးသင့်သလို ချမှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းများကိုလည်း တတ်နိုင်သလောက်လျှော့ပေါ့ပေးသင့်ရန် အထူးလိုအပ်နေပါတယ်။ သို့မှသာ SME ချေးငွေများကို ထုတ်ချေးပေးနေပေမဲ့ လက်တွေ့မှာတော့ SME လုပ်ငန်းရှင်အများစုမှာ မရှိတာကများနေတဲ့အတွက် ပေးကားပေး၏မရဖြစ်နေတဲ့ အခြေအနေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ SME လုပ်ငန်းအများစုဟာ အရင်းအနှီးကြီးကြီးမားမားမရှိတဲ့အတွက် လုပ်ငန်းမချဲ့နိုင်၊ လုပ်ငန်းမကြီးကျယ်တဲ့အတွက် ချေးငွေရဖို့အခွင့်အလမ်းနည်းပါးခြင်းဖြင့် မုန့်လုံးစက္ကူကပ်ကိန်း ဆိုက်နေရပါတယ်။ ဒီလိုအခြေအနေမျိုးတွေမှာ SME ၊ MSME လုပ်ငန်းများအောင်မြင်ဖို့အတွက် အခက်အခဲတွေရှိနေပြီး မြန်မာနိုင်ငံရဲ့ စက်မှုလုပ်ငန်းများတိုးတက်ရေးကိုလည်း အဟန့်အတားဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ SME ၊ MSME လုပ်ငန်းများတိုးတက်လာပြီး ၎င်းတို့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းများမှာ အရည်အသွေးအားဖြင့်မြင့်မားပြီး အရေအတွက်တိုးတက်ခြင်းဖြင့် ကမ္ဘာ့ဈေးကွက်မှာ အခြားနိုင်ငံမှထုတ်လုပ်တဲ့ ကုန်ပစ္စည်းများနဲ့ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး Global Supply Chain မှာ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စွမ်းရှိလာမှာဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးပေါင်းစည်းမှုသည် စွမ်းဆောင်ရည်ရှိတဲ့ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆင်း Global Supply Chain ပေါ်မူတည်ပါတယ်။ ထောက်ပံ့ပို့ဆောင်မှုဝန်ဆောင်မှုကဏ္ဍချို့တဲ့ခြင်း၊ လုပ်ငန်းဆောင်ရွက်ရန်အားသာချက်နိမ့်ကျခြင်း၊ ဘေးအန္တရာယ်ပိုမိုမြင့်မားခြင်းတို့ကြောင့် မအောင်မြင်ခြင်းများဖြစ်ပေါ်စေပါတယ်။ ရလဒ်အနေနဲ့ နိုင်ငံတကာကုန်သွယ်မှုအဆင့်လျော့ကျခြင်း၊ သွင်းကုန်များဈေးနှုန်းမြင့်မားခြင်း၊ ပြည်ပပို့ကုန်တန်ဖိုးလျော့နည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် အတားအဆီးဖြစ်နေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ လျော့ကျလာခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုအကန့်အသတ်ရှိခြင်းတို့ကို ရရှိစေမှာဖြစ်ပါတယ်။ Supply Chain မှာပါဝင်တဲ့ ထုတ်လုပ်ခြင်း၊ စားသုံးခြင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုဖြန့်ဖြူးခြင်းတို့ကို ကွန်ရက်သဖွယ်စနစ်တကျပေါင်းစည်းနိုင်ရေးအတွက် ကောင်းမွန်သော Supply Chain Management ဖြစ်ပေါ်လာရေးကိုလည်း နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးသင့်ပါတယ်။ နိဂုံးချုပ်အားဖြင့် Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးအတွက် ဗီယက်နမ်နိုင်ငံကို ဥပမာပေးလိုပါတယ်။ ဗီယက်နမ်နိုင်ငံဟာ ကနဦးမှာ လုပ်အားအခြေပြုကုန်ပစ္စည်းထုတ်လုပ်မှုတွင် ဆွဲဆောင်မှုရှိတဲ့ဒေသအဖြစ် ရပ်တည်

လာရာမှ ယခုအခါမှာ IT နဲ့ အဆင့်မြင့်နည်းပညာသုံးပစ္စည်းများထုတ်လုပ်မှုမှာ အာရှထိပ်တန်းနိုင်ငံတွေမှာ ပါဝင်လာကာ ရလဒ်အဖြစ် တန်ဖိုးမြင့်ထုတ်လုပ်မှုကဏ္ဍအပေါ်အခြေခံပြီး လျှပ်စစ်စွမ်းအားထုတ်လုပ်မှု၊ ဆောက်လုပ်ရေး၊ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု၊ ဟိုတယ်နှင့်အစားအသောက်ဝန်ဆောင်မှု(Real Estate)နှင့် အခြားစီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများပါ မှန်မှန်မြင့်တက်ဖွံ့ဖြိုးလာပြီး အဆိုပါဝန်ဆောင်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံသူများအတွက် ဗီယက်နမ်နိုင်ငံဟာ အကျိုးအမြတ်များသော ခေတ်သစ်စျေးကွက်တစ်ခု ဖြစ်လာခဲ့ရပါတယ်။ အဝတ်အထည်နှင့် အခြားလုပ်အားအခြေပြုထုတ်ကုန်များကိုထုတ်လုပ်ရန် တရုတ်၊ ဟောင်ကောင်နှင့် ထိုင်ဝမ်ထုတ်လုပ်သူများ FDI များဝင်ရောက်လာကြပြီး အချို့ထုတ်လုပ်သူများဟာ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်တွင်သာမက အခြားထုတ်လုပ်မှုသွင်းအားစုနဲ့ လိုအပ်သောကုန်ကြမ်းများထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံလာကြပြီး ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ အနောက်ဥရောပနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ဗီယက်နမ် Industrial Park များရဲ့ဖွံ့ဖြိုးမှုက ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဗီယက်နမ်ပြည်သူတွင် ထုတ်လုပ်သူအနေဖြင့် သွင်းအားစုများ အဓိကအစိတ်အပိုင်းများကိုထုတ်လုပ်ရန် အရင်းအမြစ်လိုအပ်ချက်များရှိနေဆဲဖြစ်နေပေမဲ့ သွင်းအားစုထုတ်လုပ်သူ FDI များနှင့်ချိတ်ဆက်၍ အထောက်အပံ့ပစ္စည်းများ၊ အထွေထွေစက်မှုသုံးပစ္စည်းများ၊ ပလတ်စတစ်နှင့် ထုတ်ပိုးပစ္စည်းများကို ကျယ်ပြန့်စွာထုတ်လုပ်နိုင်ခဲ့ပါတယ်။ ထို့အတွက်ကြောင့် ကုန်ချောထုတ်လုပ်သူ နိုင်ငံခြားကုမ္ပဏီများနှင့်ချိတ်ဆက်၍ တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် ကန်ထရိုက်စနစ် သို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်စနစ် အစီအစဉ်များဖြင့် ပါဝင်ဆောင်ရွက် နိုင်ပါတယ်။ တရုတ်နိုင်ငံရဲ့လုပ်အားခ မြင့်မားလာမှု၊ အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲက တရုတ်ထုတ်လုပ်မှုလုပ်ငန်းများအား ဗီယက်နမ်နိုင်ငံက အလားတူ ထုတ်လုပ်နိုင်သောဒေသအဖြစ် ရွေးချယ်ရခြင်းအကြောင်း အရင်းများဖြစ်တဲ့ ထုတ်လုပ်မှုအခြေခံကို အလိုက်သင့်ပြောင်းလဲရန် ဖန်တီးရာတွင် အောင်မြင်မှု၊ တန်ဖိုးမြင့်ထုတ်လုပ်မှုကို အရှိန်မြင့်ဆောင်ရွက်နေမှုများကြောင့် ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ပြင်ပမှာ Supply Change ပြန်လည်တည်ဆောက်ရန် အစီအစဉ်တွင် အခြားနိုင်ငံများအနေဖြင့် အခွင့်အရေး ရယူရန် မိမိတို့ရဲ့ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမိုသန့်စွမ်းအောင်ဆောင်ရွက်ရန် လိုအပ်တဲ့အတွက် မြန်မာနိုင်ငံအနေဖြင့် လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ပါတယ်။ ပြည်တွင်းမှထွက်ရှိတဲ့ ကုန်ကြမ်းတွေကို ကုန်ချောဖြစ်အောင် ထပ်ဆင့်ပြုပြင်လုပ်ငန်းများဆောင်ရွက်ရန်မှာလည်း အရှုံးပေါ်လို့ရပ်ဆိုင်းထားရတဲ့ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံတွေကို PPP စနစ် ပုဂ္ဂလိကကို တိုက်ရိုက်အငှားချထားသောစနစ်၊

ပုဂ္ဂလိကလုပ်ငန်းရှင်များကို ထိုက်သင့်သော တန်ကြေးဖြင့်အပြတ်ရောင်းချသောစနစ် စတဲ့နည်းလမ်းများဖြင့် စက်ရုံများအား ပြန်၍လည်ပတ်နိုင်စေရေးကို လည်းပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် Global Supply Change မှာ ပြည်တွင်းထုတ်လုပ်မှုတွေ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်ရေးကို အထောက်အကူဖြစ်စေမှာဖြစ်တဲ့အတွက်ကြောင့် လုပ်ဆောင်သင့်တဲ့ကိစ္စရပ်များကို အချိန်မဆွဲဘဲ ပွင့်လင်းမြင်သာစွာဖြင့် လျင်လျင်မြန်မြန်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကြီးမှ ကျွန်မရဲ့အဆိုကို လက်ခံဆွေးနွေးခွင့်ပေးပါရန် အဆိုကိုတင်သွင်းလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ချိုချို တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမည့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်ဖြစ်ပြီး အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံက ထုတ်ကုန်တွေကို ပိုမိုထုတ်လုပ်လာနိုင်ခြင်းဟာ အဲဒီနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းကို ဖြစ်ပေါ်စေပါတယ်။ ထုတ်လုပ်တစ်ခု ထုတ်လုပ်ဖို့အတွက်ဆိုရင် Land Labour Capital ဆိုတဲ့ မြေလုပ်အား၊ ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှုတွေ ပေါင်းစပ်နိုင်ဖို့လိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် အဲဒီနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းဟာ တိုက်ရိုက်ဆက်နွှယ်နေပြီး နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဆိုပါနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမှုဝါဒဟာ အထူးအရေးပါလှပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့နေရာမှာ ပြည်တွင်းနိုင်ငံသားများရဲ့ ရင်းနှီးမြှုပ်နှံမှုတွေရော၊ ပြည်ပနိုင်ငံများမှရောက်ရှိလာတဲ့ရင်းနှီးမြှုပ်နှံမှုတွေပါ ပါဝင်ပြီး နှစ်မျိုးစလုံးဟာအရေးပါပါတယ်။ မည်သည့်ရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ် ရင်းနှီးမြှုပ်နှံသူဟာ မိမိအတွက်အကျိုးအမြတ်ရရှိနိုင်တဲ့အခွင့်အလမ်းများမှသာလျှင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ချင်မှာဖြစ်ပါတယ်။ ဒါကြောင့် မိမိနိုင်ငံမှာရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်စေချင်တယ်ဆိုလို့ရှိရင် အနာဂတ်အတွက် ခိုင်မာစိတ်ချရတဲ့၊ တည်ငြိမ်မှုရှိတဲ့

ရင်းနှီးမြှုပ်နှံမှုနဲ့ထိုက်တန်တဲ့၊ အကျိုးအမြတ်ပြန်လည်ရရှိစေနိုင်တဲ့၊ လုပ်ငန်းဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့တဲ့မူဝါဒမျိုးတွေချမှတ်နိုင်ဖို့လိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒတွေနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံသူများကြုံတွေ့နေရတဲ့ မြေရယူသုံးစွဲမှုဆိုင်ရာ အဆင်မပြေမှုများကစတင်ပြီး သုံးသပ်ဆွေးနွေးလိုပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့မြေဈေးဟာ မိမိနိုင်ငံထက်များစွာပိုမိုချမ်းသာတဲ့နိုင်ငံတွေရဲ့ မြေဈေးတွေထက်တောင် အဆများစွာများနေတာတွေ့ရပါတယ်။ သို့ပေမဲ့ မြန်မာနိုင်ငံဟာ လူဦးရေနဲ့ မြေအကျယ်အဝန်းအချိုးအစား များစွာမြင့်မားတဲ့နိုင်ငံမဟုတ်သလို နိုင်ငံအတွင်းမှာ ထိထိရောက်ရောက်အသုံးချမထားတဲ့ ဌာနဆိုင်ရာပိုင်မြေတွေ၊ လုံးဝအသုံးချမထားတဲ့ အစိုးရစီမံခန့်ခွဲခွင့်ရှိတဲ့မြေတွေ များစွာရှိနေတာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။

ဒါ့အပြင် အမှန်ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက်တော့ ခေါင်ခိုက်နေတဲ့မြေဈေးကြောင့် ဘာလုပ်ငန်းမှလုပ်မရဖြစ်နေပေမဲ့ ရင်းနှီးမြှုပ်နှံမှုကိုအကြောင်းပြလို့ ဘာမှမလုပ်ဘဲ မြေဦးထားသူတွေကြောင့် မြေဧကများစွာလက်ဝယ်ရှိနေတာတွေ့နိုင်ပါတယ်။ ဒါ့ကြောင့် အမှန်တကယ် ရင်းနှီးမြှုပ်နှံလိုသူတွေ၊ မြေယာကိုသင့်တင့်တဲ့ဈေးနှုန်းနဲ့အသုံးပြုနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးမယ်ဆိုရင် ဆောင်ရွက်ပေးနိုင်တဲ့အနေအထားမှာရှိပါတယ်။ လက်တလောအနေနဲ့ အကျိုးရှိရှိအသုံးမပြုနိုင်တဲ့ ဌာနဆိုင်ရာပိုင်မြေတွေ၊ ဘာမှအသုံးမပြုဘဲထားထားတဲ့ အစိုးရစီမံခန့်ခွဲခွင့်ရှိတဲ့မြေတွေကို အမှန်တကယ် ရင်းနှီးမြှုပ်နှံမယ့်သူတွေထံ သင့်တင့်တဲ့ဈေးနှုန်းသတ်မှတ်ပြီး ငှားရမ်းပေးသင့်ပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှုမပြုဘဲ မြေရယူထားသူများထံကလည်း အမြန်ဆုံးပြန်လည်သိမ်းဆည်းသင့်ပါတယ်။

နောက်တစ်ချက်ကတော့ အလုပ်သမားကိစ္စပဲဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ သက်သာတဲ့လုပ်အားခဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ သို့သော်လည်း မိမိနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့အားသာချက်ရှိတဲ့လုပ်ငန်းများနဲ့ လုပ်သားများရဲ့ကျွမ်းကျင်မှုတွေ ကိုက်ညီဖို့လိုပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့ဈေးကွက်မှာ မိမိနိုင်ငံက ဘယ်ကဏ္ဍတွေမှာ Comparative Advantage ရှိနေမယ်ဆိုတာ အသေအချာသိရှိနေဖို့လိုပြီး အဲဒီကဏ္ဍတွေမှာ လိုအပ်တဲ့လုပ်သားတွေကိုလည်း မွေးထုတ်ပေးနိုင်ဖို့လိုပါတယ်။ ရေရှည်မှာသက်သာသော လုပ်အားခနဲ့သာ ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နေဖို့မသင့်ဘဲ လုပ်သားများရဲ့ထုတ်လုပ်နိုင်စွမ်းအား မြင့်မားမှုနဲ့ ဆွဲဆောင်

နိုင်ဖို့လိုပါတယ်။ ဒါမှ ရင်းနှီးမြှုပ်နှံသူများ အကျိုးရှိရုံသာမကဘဲ နိုင်ငံသားများလည်း ပိုမိုကောင်းမွန်တဲ့ လစာရရှိပြီး ယုံကြည်မှုမြင့်မားလာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးလုပ်ငန်းရှင်များအတွက် အချိန်ဟာငွေပဲဖြစ်ပါတယ်။ လုပ်ငန်းတစ်ခုစတင်လုပ်ကိုင်နိုင်ဖို့အတွက် အချိန်များစွာစောင့်ဆိုင်းနေရတယ်။ လုပ်ငန်းစဉ်ပေါင်းများစွာ မလိုအပ်ပဲ ဆောင်ရွက်နေရတယ်ဆိုရင် လုပ်ငန်းရှင်တစ်ဦးအနေနဲ့ စီးပွားရေးအရ ရှုံးဖို့များနိုင်တယ်လို့ပဲတွက်ဆရမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်ရတာ လွယ်ကူမှုရှိ/မရှိတိုင်းတာတဲ့ Ease of doing Business Index မှာ မြန်မာနိုင်ငံဟာ ၂၀၁၆ ခုနှစ်မှာ နိုင်ငံပေါင်း ၁၉၀ အနက် အဆင့်(၁၆၇)၊ ၂၀၁၇ ခုနှစ်မှာ အဆင့်(၁၇၀)နဲ့ ၂၀၁၈ ခုနှစ်မှာ အဆင့်(၁၇၁)ပဲရခဲ့တာတွေ့ရပါတယ်။ အဆင့်အနေနဲ့တိုးတက်လာမှုမရှိတဲ့အပြင် အနည်းငယ်ကျသွားတာပါ တွေ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံဟာ ၂၀၁၇ ခုနှစ်မှာ အဆင့်(၁၃၀)ကနေ ၂၀၁၈ ခုနှစ်မှာ အဆင့်(၁၀၀)ထိ အဆင့်(၃၀)တိုးတက်ခဲ့တာတွေ့ရသလို အဲဒီကာလအတွင်းမှာ အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံက အဆင့်(၉၁)ကနေ(၇၂)အထိတိုးတက်ခဲ့သလို အခြားအာဆီယံနိုင်ငံဖြစ်တဲ့ ဗီယက်နမ်နိုင်ငံဆိုရင်လည်း အဆင့်(၈၂)ကနေ (၆၈)ထိတိုးတက်ခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒလုပ်ထုံးလုပ်နည်းများကို ယခုထက်ပိုပြီး ထိရောက်လျင်မြန်စွာနဲ့ ပြုပြင်ပြောင်းလဲဖို့နဲ့ ရင်းနှီးမြှုပ်နှံသူများအတွက်လိုအပ်တဲ့ အခြေခံအဆောက်အဦတွေ အမြန်ဆုံးဖြည့်ဆည်းပေးဖို့လိုအပ်နေပြီလို့ အထူးအလေးအနက်ထားပြောကြားလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျွန်တော်တို့နိုင်ငံမှာ Small and Medium Enterprises အတိုကောက်အားဖြင့် SME လို့ခေါ်တဲ့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများဟာ အခက်အခဲပေါင်းများစွာနဲ့ ကြုံတွေ့နေရပါတယ်။ စီးပွားရေးလုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဟာ SME တွေဖြစ်သလို SME များကဖန်တီးပေးတဲ့ အလုပ်အကိုင်အရေအတွက်ဟာလည်း လုပ်ငန်းကြီး၊ ကုမ္ပဏီကြီးတွေက ဖန်တီးပေးတဲ့ အရေအတွက်ထက်ပိုများတာမို့ SME များဟာ စီးပွားရေးကဏ္ဍအတွက် အထူးအရေးပါလှပါတယ်။ ဒါကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို မက်လုံးပေးအခွင့်အရေးတွေပေးပြီး ခေါ်ယူနေရုံမျှသာမကဘဲ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအတွက်နဲ့ SME များအတွက်ပါ ထည့်သွင်းစဉ်းစားပေးဖို့လိုအပ်ပါတယ်။ SME များအနေနဲ့ ငွေကြေး၊ မြေယာ၊ နည်းပညာအချက်အလက်ပိုင်းဆိုင်ရာတွေမှာ လိုအပ်ချက်များစွာ၊ အခက်အခဲများစွာရှိနေတာမို့ နိုင်ငံတော်အစိုးရအနေနဲ့ ယခုထက်ပိုပြီး ကူညီဆောင်ရွက်ပေးရပါလိမ့်မယ်။ လက်ရှိမှာကူညီ

ဆောင်ရွက်ပေးနေတာတွေရှိနေတယ်ဆိုပေမဲ့ လိုအပ်မှုနဲ့နှိုင်းစာရင် များစွာနည်းနေသေးသလို အဆိုရှင် ပြောခဲ့သလိုပဲ ပေးကားပေး၏ မရ ဆိုတာမျိုးတွေဖြစ်နေတာကိုလည်း သတိပြုမိဖို့လိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်စည်ပို့ဆောင်ရေးတွေ၊ သွားလာဆက်သွယ်ရေးတွေ ကောင်းမွန်လာတဲ့ ယနေ့ခေတ်မှာ ကုန်စည်နှင့်ဝန်ဆောင်မှုများထုတ်လုပ်ရာမှာ နေရာတစ်ခု၊ နိုင်ငံတစ်ခုတည်းမှာပဲ အစအဆုံးထုတ်တာမျိုးမလုပ်တော့ဘဲ အမြတ်အစွန်းပိုမိုရရှိစေဖို့ အားသာချက်တွေရှိတဲ့နေရာအသီးသီးမှာ အစိတ်အပိုင်းအလိုက်ခွဲခြားထုတ်လုပ်ပြီး ပေါင်းစည်းတက်စေခြင်း၊ ဖြန့်ဖြူးခြင်းစတာတွေကို ကွန်ယက်သဖွယ် ချိတ်ဆက်ပြုလုပ် လာပါတယ်။ ဒီလိုဖြစ်စဉ်ကို Global Supply Chain လို့ခေါ်ကြပါတယ်။ ဥပမာအားဖြင့် အားကစားအသုံးအဆောင်ပစ္စည်းများကိုထုတ်လုပ်တဲ့ Nike ကုမ္ပဏီဟာ နိုင်ငံပေါင်း ၄၂ နိုင်ငံ၊ စက်ရုံပေါင်း ၇၀၀ ကျော်၊ အလုပ်သမား တစ်သန်းကျော်ပါတဲ့ Supply Chain ကနေ ကုန်ပစ္စည်းများ ထုတ်လုပ်နေတာ ဖြစ်ပါတယ်။ အားကစားဖိနပ်တစ်ရံ ထုတ်လုပ်ရာမှာတောင် နိုင်ငံပေါင်း ၁၃ နိုင်ငံကစက်ရုံတွေ ပေါင်းစပ်ချိတ်ဆက်ပြီး ထုတ်လုပ်နေတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ ခေတ်နဲ့အညီ Global Supply Chain ဖြစ်စဉ်ထဲမှာ ဘယ်လိုပါဝင်နိုင်မလဲဆိုတာ အသေအချာသုံးသပ်စဉ်းစားပြီးတော့ မဟာဗျူဟာချဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လုံလောက်တဲ့ရင်းနှီးမြှုပ်နှံမှုမရှိဘဲ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အင်မတန်ခဲယဉ်းပါတယ်။ ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နေတယ်ဆိုရုံနဲ့မပြီးဘဲ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ဝန်းကျင်ကောင်းတွေ ဖန်တီးပေးနိုင်ဖို့လိုသလို ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များအတွက် လိုအပ်တဲ့ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံသူများအတွက် ဝန်းကျင်ကောင်းများ နိုင်ငံအတွင်းမှာ အမြန်ဆုံးဖန်တီးပေးနိုင်ဖို့ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ လျင်မြန်စွာနဲ့ ဖွံ့ဖြိုးတိုးတက်လာစေဖို့ရည်ရွယ်ပြီး အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုတင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့

စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ချိုချို တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ချိုချို အုတ်တွင်းမဲဆန္ဒနယ်ကတင်သွင်းသော ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်စေနိုင်ရေးနှင့် လိုအပ်သောငွေကြေး၊ နည်းပညာ၊ အထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒေါ်ချိုချို အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃-၅-၂၀၁၉ ရက် သောကြာနေ့ ညနေ(၄)နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ပညာရေးဝန်ကြီးဌာနက ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပညာရေးဝန်ကြီးဌာနက ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပညာရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ရှေးဦးစွာမေတ္တာပို့သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ(မူကြမ်း)ကို ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးနိုင်ပါရန် တင်ပြခြင်းဖြစ်ပါတယ်။ ယင်းဥပဒေအနေနဲ့ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပညာရေးသုတေသနဥပဒေ၊ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ်(၁၅)အနေနဲ့ရှိပြီးဖြစ်သော်လည်း ယခုခေတ်နှင့်လျော်ညီမှုမရှိခြင်း၊ ပညာရေးဝန်ကြီးဌာန၏ လက်ရှိအကောင်အထည်ဖော်နေသော ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆီလျော်မှုရှိရန် လိုအပ်ခြင်းများရှိနေပါသဖြင့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ(မူကြမ်း)ကို ပြုစုတင်ပြရခြင်းဖြစ်ပါတယ်။ ဒီဥပဒေရဲ့ ရည်ရွယ်ချက်များအနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသုတေသနနှင့် ပညာရေးစီမံကိန်းဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများက ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ပညာရေးဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဆီလျော်ကိုက်ညီမှုရှိစေရန် ရည်ရွယ်ပြီး ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ(မူကြမ်း)အား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင်တစ်ဦး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅ /ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉- ၇၈

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၈-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၂၇၃)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပညာရေးဝန်ကြီးဌာနသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသုတေသနနှင့် ပညာရေး စီမံကိန်းဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

**မူကြမ်း**

(ခ) ပညာရေးဝန်ကြီးဌာနက လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဆီလျော်ကိုက်ညီရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၄-၄-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီး ဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက် နှင့်အညီ စိစစ်လေ့လာခဲ့ပါတယ်။ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥက္ကဋ္ဌ။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**မူကြမ်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉- ၇၈

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၃၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၈-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၂၇၃)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပညာရေးဝန်ကြီးဌာနသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသုတေသနနှင့် ပညာရေး စီမံကိန်းဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

**မူကြမ်း**

(ခ) ပညာရေးဝန်ကြီးဌာနက လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဆီလျော်ကိုက်ညီရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၄-၄-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီး ဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက် နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းတွင် အခန်း(၆)ခန်းနှင့် အပိုဒ်ပေါင်း ၁၁ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**ပညာရေးသုတေသန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၁ ခုနှစ်၊ လ ရက်**

**(၂၀၁၉ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) ဤဥပဒေတွင် ပါရှိသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ ဆိုသည့်စကားရပ်များကို ပညာရေးသုတေသန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဟု အသီးသီး ပြင်ဆင်ပါသည်။

(ဃ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ ပညာရေးစီမံကိန်းကိုဆိုသည် ဆိုသည့်စကားရပ် ကို စီမံကိန်းကိုဆိုသည် ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

(ဃ) ပညာရေးစာရင်းအင်း ဆိုသည်မှာ ပညာရေးကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များကို အထောက်အကူပြုမည့် အချက်အလက် စိစစ်လေ့လာခြင်းများ ဆောင်ရွက်နိုင်ရန် ကောက်ယူစုစည်းထားသော ကိန်းဂဏန်းနှင့် အချက်အလက်များကို ဆိုသည်။

(စ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပညာရေးသုတေသနလုပ်ငန်းများ အားကောင်းလာစေရန်၊

(ခ) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်၊

(ဂ) ပညာရေးသုတေသနလုပ်ငန်းနှင့် ပညာရေးစီမံကိန်းများချမှတ် ဆောင်ရွက်နိုင်ရေးအတွက် တိကျမှန်ကန်သော ပညာရေးစာရင်းအင်းများ ရရှိစေရန်၊

(ဆ) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) ရှိ နိုင်ငံတကာအဆင့်မီ ပြုစုရေးဆွဲဆောင်ရွက်ရန် ဆိုသည့် စကားရပ်ကို နိုင်ငံတကာအဆင့်မီ ပြုစုရေးဆွဲနိုင်ရန်ဟု ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၃ အပိုဒ်ခွဲ(င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ပညာရေးဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်းများနှင့် အခြေခံပညာသင်ကြားရေး ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြင့်မားရေးအတွက် ထိရောက်သော လေ့ကျင့်သင်ကြားနည်းများ ပေါ်ထွက်လာစေရန်။

(ဈ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ အပိုဒ်ခွဲ(စ) ကို ပယ်ဖျက်ပါသည်။

(ည) အခန်း(၃) ခေါင်းစဉ်ကို ကောင်စီဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၄ အပိုဒ်ခွဲ(က)ခြေဆင်းကို ကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဌ) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)နှင့်(၆) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၅) သုတေသနကျွမ်းကျင်သူပြင်ပပညာရှင် အဖွဲ့ဝင်

(၆) စီမံကိန်းကျွမ်းကျင်သူပြင်ပပညာရှင် အဖွဲ့ဝင်

(ဍ) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၇)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(က)(၇) သင်ရိုးကျွမ်းကျင်သူပြင်ပပညာရှင် အဖွဲ့ဝင်

(ဎ) အပိုဒ် ၅ ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၅။ ကောင်စီ၏သက်တမ်းသည် အစိုးရအဖွဲ့၏သက်တမ်းအတိုင်းဖြစ်သည်။

(ဏ) အပိုဒ် ၅ ခေါင်းစဉ်ကို အပိုဒ် ၆ ခေါင်းစဉ်အဖြစ် ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-ဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဦးစီးဌာနနှင့် ဆက်စပ်ဦးစီးဌာနများကို ဆိုသည့်စကားရပ်ကို ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၅ အပိုဒ်ခွဲ(င)ကို အပိုဒ် ၆ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်းများနှင့် အခြေခံပညာသင်ကြားရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ညှိနှိုင်းအတည်ပြုပေးခြင်း။

(ဒ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ပါသည်။

(ဓ) အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၆ အပိုဒ်ခွဲ(စ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) လက်ခံရရှိသော ရန်ပုံငွေနှင့် ပစ္စည်းများကို ပညာရေးသုတေသန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ သုံးစွဲနိုင်ရန် အဆုံးအဖြတ်ပေးခြင်း။

(န) အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၇။ ကောင်စီသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချီးမြှင့်ငွေကို သတ်မှတ်ပေးရမည်။

(ပ) အပိုဒ် ၈ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၈။ ကောင်စီဝင်များသည် ရာထူးသက်တမ်းကုန်ဆုံးသည့်အခါ အစိုးရအဖွဲ့က ကောင်စီကို အသစ်ဖွဲ့စည်းတာဝန်ပေးအပ်သည့် အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဖ) အခန်း (၄) ခေါင်းစဉ်ကို လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ပြင်ဆင်ပါသည်။

(ဗ) အခန်း(၄) အပိုဒ် ၆ အပိုဒ်ခွဲ(က)ခြေဆင်းကို အပိုဒ် ၉ အပိုဒ်ခွဲ(က)ခြေဆင်းအဖြစ် လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-ဟု ပြင်ဆင်ပါသည်။

(ဘ) အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)ကို အပိုဒ် ၉ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ် (၃) အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဖွဲ့ဝင်
စီမံကိန်းဌာနခွဲ၊ ပညာရေးသုတေသန၊
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊

(မ) အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)နှင့်(၅)တို့ကို အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)နှင့်(၅)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

**မူကြမ်း**

လေ့ကျင့်ရေးဌာနခွဲ၊ ပညာရေး သုတေသန၊ ပညာရေး စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

သုတေသနဌာနခွဲ၊ ပညာရေး သုတေသန၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

(ယ) အပိုဒ် ၉ အပိုဒ်ခွဲ(ခ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီကို လိုအပ်ပါကပြင်ဆင် ဖွဲ့စည်းနိုင်သည်။

(ရ) အပိုဒ် ၇ ခေါင်းစဉ်ကို အပိုဒ် ၁၀ ခေါင်းစဉ်အဖြစ် လုပ်ငန်းကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-ဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း ဆိုသည့်စကားရပ်ကို ဆောင်ရွက်ခြင်းကို ကြီးကြပ်ခြင်းဟု ပြင်ဆင်ပါသည်။

(ဝ) အပိုဒ် ၇ အပိုဒ်ခွဲ(ဆ)နှင့်(ဇ) တို့ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(ဆ)နှင့်(ဇ)တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲများရှိ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံး စာအုပ်ကော်မတီ ဆိုသည့်စကားရပ်ကို အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီဟု ပြင်ဆင်ပါသည်။

(သ) အခန်း(၅)ခေါင်းစဉ်ကို ဘဏ္ဍာငွေသုံးစွဲခြင်း၊ ရန်ပုံငွေထူထောင်ခြင်းနှင့် စီမံ ခန့်ခွဲခြင်း ဟု ပြင်ဆင်ပါသည်။

(ဟ) အပိုဒ် ၁၁ နှင့် ၁၂ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၁။ ဦးစီးဌာနသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ခွင့်ပြုထားသော ပညာရေး သုတေသန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများဆိုင်ရာ အသုံးစရိတ် များကို ဝန်ကြီးဌာနမှတစ်ဆင့် ရယူ၍ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲရမည်။

၁၂။ ဦးစီးဌာနသည် -

(က)ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုသော ပညာရေးသုတေသန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်-

(၁) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၂) ရန်ပုံငွေမှ တရားဝင်တိုးပွားမှုများ။

(ခ) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ သတ်မှတ်ပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(ဂ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည်။

(ဃ)ရန်ပုံငွေလက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ဠ) အပိုဒ် ၁၄ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၄။ ဦးစီးဌာနသည် ပညာရေးသုတေသန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေသုံးစွဲရာတွင် ကောင်စီ၏ အဆုံးအဖြတ်ကို ခံယူရမည်။

**မူကြမ်း**

(အ) အပိုဒ် ၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အသုံးစရိတ်များကို ဆိုသည့်စကားရပ်ကို ချီးမြှင့်ငွေနှင့် အသုံးစရိတ်များကိုဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၆) အပိုဒ် ၁၀ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နည်းဥပဒေများ ဆိုသည့်စကားရပ်ကို နည်းဥပဒေ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဦးစီးဌာနသည် ဆိုသည့်စကားရပ်ကို ဦးစီးဌာနနှင့် လုပ်ငန်းကော်မတီသည် ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

ခင်မောင်ဝင်း

ဥက္ကဋ္ဌ

ဥပဒေကြမ်းကော်မတီ

## ပညာရေးဝန်ကြီးဌာနက တင်သွင်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၆-၅-၂၀၁၉ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထား ပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားပါမယ်။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂.၅.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Maj Genl Than Htut | U Lar Mar Lay




U Kyaw Linn | U Nyan Hein




U Kyaw Linn | U Khin Cho




U Kyaw Linn | Dr Linn Linn Kyaw




U Win Naing | U Kyaw Linn




U Kyaw Linn | U Min Thein

pyithu.hluttaw.mm



U Kyaw Linn



U Tun Tun Naing

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်